

# တစ်ခဏာနှင့်နိဗ္ဗာန်ရနိုင်သည့်
# တရားတော်

## (ရှင်ခေမကနှင့်ရဟန်းကြီးခြောက်ဆယ်)

ဟောကြားသည့်နေ့

(၂၂-၅-၆၂) (၂၃-၅-၆၂)

၅၅

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၅)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌
ဟောကြားတော်မူသောတရားတော်

# တစ်ခဏာနှင့်နိဗ္ဗာန်ရနိုင်သည့်တရားတော်

## (ရှင်ခေမကနှင့်ရဟန်းကြီးခြောက်ဆယ်)

(၂၂-၅-၆၂) (၂၃-၅-၆၂)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

စာမူခွင့်ပြုချက် ၂၂/၉၈ (၃)
မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူသော

# တစ်ခဏာနှင့်နိဗ္ဗာန်ရနိုင်သည့်တရားတော်

(ရှင်ခေမကနှင့်ရဟန်းကြီးခြောက်ဆယ်)

(၂၂၊ ၅၊ ၆၂) (၂၃၊ ၅၊ ၆၂)

ဒကာဒကာမတွေ တရားနာကြတယ်ဆိုတဲ့ဥစ္စာ ဘာဖြစ်လို့နာကြသတုန်းမေးလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာအကြောင်းကို ကိုယ်မသိလို့ နာကြတာပဲလို့ မှတ်လိုက်စမ်းပါနော်. . . (မှန်ပါ့) ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိလို့နာကြတာပဲလို့ ဦးအောင်ဇံဝေ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဘာဖြစ်လို့ မသိသတုန်းလို့ မေးတဲ့အခါကျတော့ အမေမိဘသင်လွှတ်လိုက်တာက နင့်-အဖေ, နင့်-အမေနင့်ကိုယ်, နင့်သားနင့်သမီး, နင့်မြေး, နင့်မြစ် အစရှိသည်နဲ့အမေမိဘများက တတ်သလောက် သင်လွှတ်လိုက်တော့ အဲဒီ ပညတ်ကြီးက ပညတ်ဆိုတာသူတို့က ခေါ်ဝေါ်သမုတ်ထားတာ. . . (မှန်ပါ့)။

အဲဒီ ပညတ်ကြီးက ဖုံးလွှမ်းပြီးသကာလနေတော့ ဦးမြတော်လှန်ရေးက မလာနိုင်တော့ဘူး၊ ဒါတွေ ဖယ်နိုင်သေးရဲ့လား . . . (မဖယ်နိုင်ပါဘုရား) တရားမနာရင် ဘယ့်နှယ်တုန်း. . . (မဖယ်နိုင်ပါဘုရား) မဖယ်နိုင်ပါဘူးဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

## ပညတ်နဲ့ပရမတ်ကွဲရမယ်

အဲဒါကြောင့် တရားနာကြတယ်ဆိုတဲ့ဥစ္စာ ပညတ်နဲ့ ပရမတ်ကွဲဖို့လို့ မှတ်လိုက်စမ်းပါနော်. . . (မှန်ပါ)။

ခင်ဗျားတို့မှာ ပရမတ်က မနှိပ်စက်ဘူး၊ ပညတ်ကနှိပ်စက်နေတယ်။ ခင်ဗျားတို့မှာ ဘယ်သူနှိပ်စက်နေသတုန်း. . . (ပညတ်ကနှိပ်စက်နေပါတယ်) ပညတ်ကနှိပ်စက်နေတယ်လို့ မှတ်လိုက်စမ်းပါနော်. . . (မှန်ပါ့ဘုရား)။

သားဆိုလို့ရှိရင်ဖြင့် အမေမိဘက ခင်ရချည်ရဲ့ ကြောင့်ကြရချည်ရဲ့၊ စိုးရိမ်ရချည်ရဲ့ဆိုတော့ သားဟာတကယ်ရှိသလား၊ အားလုံးသမုတ်ထားလို့ခေါ်ကြတာလား (သမုတ်ထားလို့ပါဘုရား)။

သို့သော်လဲ အမေလုပ်တဲ့ပုဂ္ဂိုလ်, ညီမသားချင်းလုပ်တဲ့ပုဂ္ဂိုလ်များက တကယ်ထင်ပြီးသကာလ ဦးမြရေ တကယ့်ကိုပဲ မျက်ရည်ကြီးငယ်ကျ စိုးရိမ်သောကဗျာပါရဖြစ်၊ ဒီလိုမနေကျပေဘူးလား. . . (နေပါတယ်ဘုရား)။

ဒီလိုနေတော့ ဒါ ဘယ်သူနှိပ်စက်တယ်ဆိုကြမလဲ (ပညတ်

နှိပ်စက်ပါတယ်) အဲဒီတော့ တရားမနာလို့ရှိရင် ဒီနှိပ်စက်လုံးဟာ မောင်မြင့်တို့, မောင်အောင်ချိုတို့ တော်လှန်နိုင်ပါ့မလား (မတော်လှန်နိုင်ပါဘုရား)။

မတော်လှန်နိုင်တော့ကို အမှန်ရှိပျောက်ပြီး သကာလ သူများပြောသံကြားရှိနဲ့ ကိုယ့်မှာ နှိပ်စက်နေတာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အမှန်ရှိက ဘယ့်နှယ်ဖြစ်သွားသတုန်း (ပျောက်သွားပါတယ်ဘုရား) ပျောက်သွားတယ်၊ သူများပြောသံကြားတွေက ကိုယ့်မှာ နှိပ်စက်နေပါတယ်. . . (မှန်ပါ့)။

သူများသမုတ်ထားတာကြီးက နှိပ်စက်နေတယ်သားရယ်, သမီးရယ်, ခင်ပွန်းမရယ်, မြေးရယ်, မြစ်ရယ်, ဆိုတာတွေက သူများပြောသံကြားတွေက တစ်ခါတည်း နှိပ်စက်နေတာကို ကိုယ့် အသိက မထိုးဖောက်နိုင်တော့ ဦးအောင်ဇံဝေတို့ ဦးမြတို့ ဒုက္ခ ရောက်တော့တာပဲ. . . (ရောက်ပါတယ်ဘုရား)။

## သူများပါးစပ် လမ်းဆုံးမနေနဲ့.

ကဲ. . . ဒါဖြင့် ပြောလိုက်စမ်းပါဦးမယ် ဒကာဒကာမတို့ ဘယ်သူဟာ ရင်ထု,ကြမ်းခုန်ပြီးသကာလ ဘယ်သူမြေလူးနေတယ် ဆိုတဲ့ဥစ္စာ ဦးမြဆုံးဖြတ်ချက်ချလိုက်စမ်းပါ၊ ပညတ်ကြောင့်လား- ပရမတ်ကြောင့်လား. . . (ပညတ်ကြောင့်ပါဘုရား) ပညတ်ကလဲ သူကိုယ်တိုင် တတ်ထားသလား သူများပါးစပ်က လာတာ လမ်းဆုံး

နေတာလား. . . (သူများပါးစပ်က လာတာပါဘုရား) သူများပါးစပ်ကလာတာ လမ်းဆုံးပြီးသကာလ နေတော့တယ်ဆိုတာ မပေါ်လာသေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပညတ်နဲ့ ပရမတ် မကွဲလို့ရှိရင်ဖြင့် ငိုပွဲနဲ့ ရင်ထုပွဲပဲ နေကြမှာပဲလို့ ဘုန်းကြီးကပဲ ရှေ့နေအဖြစ်နဲ့ ပြောလိုက်ပါတယ်၊ ဒကာ ဒကာမတွေ ငြင်းဖို့လိုသေးလား. . . (မလိုပါဘုရား) မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် သူများပြောသံကြား ပါးစပ်ကို သူများပါးစပ်လမ်းဆုံးပြီးသကာလ မနေပါနဲ့ဆိုတာ ဘုရားက သစ္စသံယုတ်မှာ သေသေချာချာဟောတာ၊ ခင်ဗျားတို့မှာ အခု သူများပြောသံကြား ပါးစပ်လမ်းဆုံးနေတာနဲ့ပဲ သားရယ်, သမီးရယ်, ဆွေရယ်, မျိုးရယ် ဆိုပြီးသကာလ ပူပင်သောကဗျာပါရတွေနဲ့ နေကြ, ထိုင်ကြတာသည် . . . တဲ့ ဩော်. . . တို့မှာမပြင်နိုင်လို့အရုပ်ဆိုးရတယ်လို့ မှတ်လိုက်ပေါ့ . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်. . . (မပြင်နိုင်လို့ အရုပ်ဆိုးရပါတယ်ဘုရား) ဦးမြ ဒါဟာ ဆရာသမားမှ မကူရင်ရပါ့မလား. . . (မရပါဘုရား) မရတော့ဘူး. . . တဲ့ ဒီဥစ္စာ အမြဲနှိပ်စက်နေမှာပဲ . . . (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင် မိမိနဲ့မဆိုင်ဘူး၊ ဘယ်သူ ဘာဖြစ်တယ် မိမိနဲ့မဆိုင်ဘူး၊ ဘယ်သူ ဘာဖြစ်တယ် မိမိနဲ့မဆိုင်ဘူး ဆိုတာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အခုတော့ဖြင့် ဆိုင်ချည့်နေတာပဲ၊ ဦးအောင်ဇံဝေ ဘာပြုလို့ ဆိုင်ချည့်နေတာတုန်း. . . (ပညတ်နှိပ်စက်လို့ပါဘုရား) ပညတ်နှိပ်စက်တာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်သူနှိပ်စက်နေတာတုန်း. . . (ပညတ်နှိပ်စက်နေတာပါဘုရား) ပညတ်နှိပ်စက်နေတော့ ဩော်. . . ဒီဒကာဒကာမတွေ ဒါဖြင့် တစ်သံသရာလုံးမှာ ပညတ်ကိုသာ ပဓာနထားခဲ့တဲ့အတွက် ပရမတ်မတွေ့ခဲ့တဲ့အတွက် လူတစ်ယောက် တစ်ယောက်၏ မျက်ရည်မှာ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်လို့ ဘုရားက ဟောတာ ဦးမြကြီးက ငြင်းချင်သေးသလား. . . (မငြင်းချင်ပါဘုရား) ဘာနှိပ်စက်နေတာတုန်း. . . (ပညတ်နှိပ်စက်နေတာပါဘုရား) ရှင်းကြရဲ့လား. . . (မှန်ပါ့)။

သမီးရယ်လို့ ပညတ်လိုက်ရင် မျက်ရည်ကျရချေရဲ့. . . ခင်ရချေရဲ့. . . မင်ရချေရဲ့၊ သားလေးရယ်လို့ တစ်ခါတည်းသူများ ပါးစပ်က ပြောထားတဲ့ပညတ်ကို ကိုယ်ကအဟုတ်ယူလိုက်ပြီ ဆိုမှဖြင့်လဲ ပူရချေရဲ့. . . ဆွေးရချေရဲ့. . . ချစ်ရချေရဲ့. . . စိုးရိမ်ရချေရဲ့. . . ချစ်ရချေရဲ့ ထောက်ပံ့ရချေရဲ့ဆိုတာ မလာဘူးလား (လာပါတယ်ဘုရား)။

တော်တော်ကြာ ဒါကလေးတွေက ဖောက်ပြန် ပျက်စီးပြီး နာတယ်, ကြင်တယ်, ကိုက်တယ်, ခဲတယ်, နာပွဲတွေ, သေပွဲတွေ တွေ့တဲ့အခါကျတော့ ဦးမြကြီး မျက်ရည်ကြီးငယ် ကျလာတာပဲ. . (ပညတ်တွေကြောင့်ပါဘုရား) ပညတ်ကြောင့်ကျတယ်ဆိုတာ

နောက်က ဒကာဒကာမတွေ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပညတ်မကျော်နိုင်သ၍ကာလပတ်လုံး ခုနင်က ပြောခဲ့တဲ့ငိုပွဲ၊ အပယ်ကျပွဲ သူတို့နဲ့ပတ်သက်ပြီး ဆုံးနိုင်ပါ့မလား. . . (မဆုံးနိုင်ပါဘုရား)။

ကဲ. . . ဒါဖြင့် ရှင်းကြပါစို့. . . တဲ့၊ ပညတ်ဟာသြော်. . . အခေါ်သာရှိ၍ တကယ်မရှိလို့သာမှတ်. . . (မှန်ပါ့)။

ပညတ်ဟာ(အခေါ်သာရှိ၍ တကယ်မရှိပါဘုရား) ပရမတ်ကတော့ တကယ်ရှိသည်ဖြစ်သောကြောင့် တကယ်ကို ကြည့်လို့ရတယ်နော်. . . (မှန်ပါ့) ပညတ်ကတော့ အထင်သာရှိသည်ဖြစ်သောကြောင့် ကိုင်တွယ်လို့မရဘူး. . . (မှန်ပါ့) ရသေးရဲ့လား. . . (မရပါဘုရား)။

ကိုင်း. . . ဒါဖြင့် ပညတ်၊ ပရမတ်ဟာလဲ ဦးအောင်ဇံဝေ အရေးကြီးတယ်ဆိုတာ ပေါ်လာပလား. . . (ပေါ်လာပါပြီ) အရေးကြီးတယ်နော်. . . (မှန်ပါ့)။

အဲဒီတော့ ဒကာဒကာမတွေကို ဘုန်းကြီးက ဉာဏ်မျက်လုံးတပ်ပေးရတော့မယ်. . . (မှန်ပါ့) ဦးမြ ဘုန်းကြီး ဘာလုပ်ရမှာပါလိမ့် . . . (ဉာဏ်မျက်လုံး တပ်ပေးရမှာပါဘုရား) ဉာဏ်မျက်လုံးတပ်ပေးရမယ်. . .၊ ဒီ ဉာဏ်မျက်လုံး မတပ်သ၍ ကာလပတ်လုံးဟာဖြင့် ခုနင်က ဒုက္ခပွဲတွေဟာ ကိုယ့်ပွဲချည့်မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား) ဖြစ်မှာပဲဆိုတာ သေချာပလား. . . (သေချာပါပြီ

ကိုင်း. . . ဒါဖြင့် ပြောကြပါစို့တဲ့၊ ဝတ္ထုတစ်ခုထုတ်လိုက်မယ် ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်က ထုတ်လိုက်မယ် ဒကာဒကာမတွေအလုပ်ပါသွားအောင်. . . (မှန်ပါဘုရား)။

ဘယ်လိုအလုပ်ပါသွားရမလဲလို့ မေးလို့ရှိရင်ဖြင့် ပရမတ်ကို ကြည့်တတ်တဲ့ အလုပ်ပါမှ နေရာကျမယ်နော်. . . (မှန်ပါ့ဘုရား)။

တရားဟောတဲ့ ပုဂ္ဂိုလ်က အနာဂါမ်လို့ မှတ်လိုက်စမ်းပါ တရားနာတဲ့ ရဟန်းခြောက်ဆယ်က ပုထုဇဉ်တွေ. . . (မှန်ပါ့ဘုရား)။

## ရှင်ခေမကနှင့် ရဟန်းကြီးခြောက်ဆယ်

တရားဟောတဲ့ ပုဂ္ဂိုလ်က . . . (အနာဂါမ်ပါဘုရား) တရားနာမည့်ရဟန်းကြီးခြောက်ဆယ်က. . . (ပုထုဇဉ်ပါဘုရား) တရားဟောမည့်ပုဂ္ဂိုလ်က ရှင်ခေမကလို့ ခေါ်သည်။ အနာဂါမ်တည်ပြီးသားသူက. . . (မှန်ပါ့ဘုရား)။

ရဟန်းကြီးခြောက်ဆယ်က ကောသမ္ဗီပြည်မှာနေတယ်၊ ရှင်ခေမက, က တောထဲမှာသွားပြီးသကာလ ဇီးပင်တွေပေါတဲ့ နေရာ ဇီးတောကျောင်း သွားနေတယ်လို့ မှတ်ထားလိုက်တာပေါ့ . . . (မှန်ပါ့ဘုရား)။

သို့သော်လဲ ရှင်ခေမက သတင်းက အင်မတန်မွှေးတယ်၊ သူသာ ဟောလို့ရှိရင် သောတာပန် တည်ထိုက်တဲ့ပုဂ္ဂိုလ်

ဒသာတာပန် တည်လို့, သကဒါဂါမ်, အနာဂါမ် ရဟန္တာဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေဆိုလို့ရှိရင်လဲ သူသာဟောလို့ရှိရင်ဖြင့် ဖြစ်သွားတာပဲ ဆိုတော့ ဒဂဗာဒကာမတွေ မှတ်လိုက်စမ်း အတော်အားကိုးထိုက်တဲ့ ကိုယ်တော်ပဲ. . . (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်) အတော်အားကိုးထိုက်တဲ့ ကိုယ်တော်ပဲလို့ ဦးအောင်ဇေဝ ဆိုနိုင် ပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ. . . ဒါနဲ့ သူကလဲ ဇီးတောကျောင်းမှာ တစ်နေ့သဥ် ကျတော့ နေမကောင်းဘဲ ဖြစ်နေတယ်၊ ကောသမ္ဗီပြည်မှာနေတဲ့ ရဟန်းကြီးခြောက်ဆယ်ကလဲ သူ့တရားနာချင်တာလွန်လို့ သို့သော် လဲ မမာဘူးလို့ သတင်းကြားတယ်၊ မမာဘူးလို့သတင်းကြားတော့ စုံစမ်းရေးအတွက် ဒါသကဆိုတဲ့ ရဟန်းတစ်ပါးကို လွှတ်လိုက်ပါ တယ်. . . (မှန်ပါ့ဘုရား)။

ဒါသကရာဇီးတောကျောင်းမှာ ရှင်ခေမက ရှိတယ်ကွာ. . သွားမေးစမ်းပါကွ၊ မာတယ်, မမာတယ် သွားစမ်းပါဦး ဆိုလို့ရှိရင် ဖြင့် သွားမေးလိုက်တယ်. . . (မှန်ပါ့ဘုရား)။

သွားမေးလိုက်တော့ အရှင်ဘုရား- ရဟန်းကြီးခြောက် ဆယ်က အရှင်ဘုရား နေကောင်းသလား နေမကောင်းဘူးလားလို့ အမေးခိုင်းလိုက်ပါတယ်ဘုရား ဆိုတော့ ဟာ. . . ငါ့ရှင်. . . ငါ. . . နေမကောင်းဘူးကွာ၊ ရောဂါက ရှေ့တိုးနေတယ်၊ နောက်ကို မဆုတ်ဘူးကွ၊ နေလို့တော့မကောင်းဘူးဟေ့. . . ။

ရှင်ခေမက,ကပြောလိုက်တဲ့အခါကျတော့ ဒါသက, ကပြန်

သွားတယ်၊ ပြန်သွားတဲ့အခါ ရဟန်းကြီးခြောက်ဆယ်ကို သွားပြော လိုက်တယ်၊ ဟော့. . . ဘယ့်နှယ်တုန်းဟော့. . . စကားဘယ်လိုရခဲ့ သတုန်းဆိုတော့ နေမကောင်းဘူးတဲ့ဘုရား၊ ရောဂါဝေဒနာရှေ့တိုး တက်နေတယ်လို့ ပြောလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

မင်းနဲ့ကော စကားပြောခဲ့ရသေးသလား၊ ပြောခဲ့ရပါတယ် ဘုရား. . . ဆိုတော့ ဩော်. . . သိပ်နေမကောင်းတာ မဟုတ်ဘူး ဆိုတာ ရဟန်းကြီးခြောက်ဆယ်က အကဲခတ်တယ်. . . (မှန်ပါ့ ဘုရား)။

တရားက အင်မတန်နာချင်နေတယ်နော်. . . (မှန်ပါ့ ဘုရား) ရဟန်းကြီးခြောက်ဆယ်က တရားအင်မတန် နာချင်နေ တယ် ဒါနဲ့ သွားချေဦးကွာ ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာများ စွဲသေးသ လားလို့ သွားမေးချေစမ်းကွာ တစ်ခေါက်ဆိုပြီး လွှတ်လိုက်ပြန်တော့ ဒါသက ဦးမြသွားရပြန်တာပေါ့ဗျာ (မှန်ပါ့ဘုရား)။

သွားရပြန်တဲ့ အခါကျတော့ ဟော့. . . လာပြန်ပလားကွ၊ လာပြန်ပါပြီဘုရား. . .၊ ဘာများအမေးခိုင်းလိုက်သတုန်းကွ. . . ရဟန်းကြီးခြောက်ဆယ်က၊ အရှင်ဘုရား. . . ငါ ငါ့ဥစ္စာများစွဲပါ သေးသလား ခန္ဓာကိုယ်ကြီးက ဝေဒနာ ရောက်တဲ့အခါ ငါ ငါ့ဥစ္စာ များ စွဲပါသေးသလားတဲ့။

အို. . . ငါ-ငါ့ဥစ္စာတော့ ငါ့ခန္ဓာကြီး မစွဲပါဘူး . . . တဲ့ အနာဂါမ်ကိုးဗျ စွဲစရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား) ငါ. . . ငါ့ ဥစ္စာလို့ မစွဲပါဘူးတဲ့။

ဒါနဲ့ ဒါသက, ကဒီစကားရတာနဲ့ ပြန်သွားတယ်၊ ပြန်သွားပြီး ရဟန်းကြီးခြောက်ဆယ်နဲ့ တွေ့တော့ ဘယ့်နှယ်ပြောလိုက်သတုန်းဟေ့၊ ခန္ဓာကိုယ်ကတော့ မမာတာအမှန်ပဲ၊ သို့သော် ငါ . . . ငါ့ ဥစ္စာတော့ သူ့ခန္ဓာကို မစွဲဘူးလို့ ပြောပါတယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ငါ ငါ့ဥစ္စာတော့ . . . (မစွဲပါဘုရား) ငါနာနေတယ် ငါ့ဥစ္စာတွေ နာနေတယ် ဒီလိုတော့ မစွဲပါဘူးတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါနဲ့ သွားပါဦးကွာ ဒါသကဆိုပြီး ဦးအောင်ဇံဝေခိုင်းပြန်တယ် ဆက်ပြီး . . . (မှန်ပါ့) ဒီခန္ဓာကို ငါ ငါ့ဥစ္စာလို့ မစွဲလို့ရှိရင် အရှင်ဘုရား ရဟန္တာဖြစ်ပလားလို့ သွားမေးစမ်းကွာတဲ့ဆိုပြီး ရဟန်းကြီးခြောက်ဆယ်က လွှတ်လိုက်ပြန်တယ်၊ ရဟန်းကြီးခြောက်ဆယ်က လွှတ်လိုက်တဲ့အခါ သွားရပြန်တာပဲ သွားရပြန်တော့ အရှင်ဘုရား တပည့်တော် ဒါသကကို အမေးခိုင်းလို့ လာရပြန်ပါတယ်ဘုရား . . . (မှန်ပါ့)။

အေး . . . ဘယ်လိုများ အမေးခိုင်းသတုန်းကွ အရှင်ဘုရားက ခုနင်က ပြောလိုက်တော့ ခန္ဓာကိုယ်ကို ဘယ်လိုပင်ဝေဒနာရောက်ငြားသော်လဲ ငါနာတယ်၊ ငါ့ဥစ္စာတွေနာတယ်ဆိုတာတော့ မယူဘူး လို့ ပြောတော့၊ ရဟန်းကြီးခြောက်ဆယ်က အမေးခိုင်းလိုက်ပါတယ်ဘုရား၊ ဒါဖြင့် ရဟန္တာဖြစ်ပလားလို့ အမေးခိုင်းလိုက်ပါတယ် (မှန်ပါ့)။

ဟိုက ရဟန္တာဖြစ်ပလားလို့ အမေးခိုင်းလိုက်တော့ ရဟန္တာ

တော့ မဖြစ်သေးဘူးကွာ၊ သို့သော်လဲ 'ပဉ္စသု ဥပါဒါနက္ခန္ဓေသု အသ္မီတိ အဓိဂတံ အယမဟာမသ္မီတိ နစ သမနုပဿာမိ။

ဒါကလေးသူ ပါဠိနဲ့ ဖြေလိုက်တယ်ကွာတဲ့၊ ငါ ငါ့ဥစ္စာတော့ မထင်ပါဘူး၊ သို့သော်လဲ ငါယောင်ယောင်လေးတော့ ရှိသေးတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ငါ ငါ့ဥစ္စာတော့ (မစွဲပါဘုရား) သို့သော် . . . (ငါယောင်ယောင်တော့ ရှိပါသေးတယ်) ငါယောင်ယောင်ကလေး ရှိပါသေးတယ်ဆိုတာက အားလုံး ဒကာဒကာမတွေ မှတ်လိုက်တာပေါ့နော် မာန ငါနဲ့တဏှာ ငါကျန်တယ်လို့ ပြောလိုက်တာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘာကျန်နေသတုန်း (မာနငါနဲ့ *တဏှာငါကျန်နေပါတယ်ဘုရား) သူက အနာဂါမ်ဆိုတော့ ဒါကို အကုန်မပယ်နိုင်သေးဘဲကိုး ဗျ၊ မာနကိုလဲ အကုန်မပယ်နိုင်သေးဘူး၊ မာနကလဲ ကျန်သေးတာပဲ တဏှာကလဲ ကျန်သေးတယ်မဟုတ်လား. . . (မှန်ပါ့ဘုရား)။

မာန ငါနဲ့ တဏှာငါ ကျန်သေးတယ်လို့ မြန်မာလိုတော့ ဒါပဲရတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ငါ ငါ့ဥစ္စာတော့ သူ မစွဲပါဘူးတဲ့၊ ရဟန္တာလဲ မဟုတ်ပါဘူးတဲ့၊ သို့သော်လဲတဲ့ သူ့ခန္ဓာငါးပါးကို သူငါယောင်ယောင် ထင်တာကလေးတော့ ရှိနေသေးတယ်တဲ့ . . . (မှန်ပါ)။

ဒကာဒကာမတို့ ဘာတဲ့တုန်း (ငါယောင်ယောင်ထင်တာကလေးတော့ ရှိနေပါတယ်ဘုရား)။

---

* အနာဂါမ်တို့မည်သည် ဘဝတဏှာ ကျန်ရှိနေပါသည်။

ငါယောင်ယောင်ထင်တာကလေးတော့ ရှိနေသေးတယ်တဲ့ အဲဒီတော့ ဒီ ဒကာဒကာမတွေက အကဲခတ်ရမယ်၊ ဒုက္ခချုပ်သွားလို့ သောတာပန် တည်ငြားသော်လဲ ငါဆိုတဲ့ မာနငါရှိသေးတယ် မှတ်လိုက်တာပေါ့နော် (မှန်ပါ့) တဏှာလဲ ရှိသေးတယ်လို့ပဲ မှတ်လိုက်တာပေါ့ (မှန်ပါ့)။

ဦးမြမှတ်ထိုက်သလား (မှတ်ထိုက်ပါတယ်ဘုရား) မပယ်သေးဘဲကိုးဗျ၊ မပယ်သေးတော့ ဒကာဒကာမတွေ တဏှာနဲ့ ဘာကျန်နေသတုန်း . . . (မာနကျန်ပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဘာကျန်နေလို့တုန်း . . . (တဏှာနဲ့ မာန ကျန်နေပါတယ်ဘုရား) တဏှာနဲ့ မာနကျန်နေတယ်လို့ သူဖြေလိုက်တယ်။

ဒါနဲ့ ငါရဟန္တာလဲ မဖြစ်သေးဘူးကွ ဒါသက,ရ၊ သို့သော်လဲ ခန္ဓာငါးပါး အပေါင်းအစုကြီးကို ငါ့ယောင်ယောင်တော့ ထင်နေတာကလေးလဲ ရှိသေးတယ်ဆိုတော့ သူ့ဟာက ဦးအောင်ဇံဝေက ရှင်းမနေဘူးလား (ရှင်းပါတယ်) ခန္ဓာငါးပါးအပေါင်းကို ငါယောင်ယောင်တော့ ထင်နေသေးတာပဲတဲ့။

ဒါနဲ့ ဒီလိုပြောလိုက်တော့ ဒါသက, က ပြန်သွားတယ်။ ဒါသက ပြန်သွားတော့ ဟော့. . . ဘယ့်နှယ်တုန်း ဟော့ ဒါသက ပြန်လာပလား. . . ၊ပြန်လာပါပြီဘုရား၊ ဘယ်လိုများ ပြောသတုန်းကွ ရှင်ခေမက, က၊ ခန္ဓာငါးပါးကို ငါငါ့ဥစ္စာလို့တော့ မစွဲပါဘူးတဲ့ ဘို့သော် ခန္ဓာငါးပါး အပေါင်းအပေါ်မှာတော့ ငါယောင်ယောင်

ငါထင်သလိုလိုတော့ ရှိသေးသကွလို့ ဖြေလိုက်ပါတယ် ဘုရား၊ ရဟန္တာလဲ မဟုတ်သေးဘူးတဲ့၊ ငါယောင်ယောင် ခန္ဓာငါးပါး အပေါင်းကို ငါယောင်ယောင်တော့ ရှိနေသေးတယ်တဲ့၊ အဖြေတည့် မနေဘူးလား (တည့်ပါတယ်) ဘာကျန်နေလို့ပါလိမ့် (တဏှာနဲ့ မာန ကျန်နေပါတယ်) တဏှာနဲ့ မာန ကျန်နေတယ်ဆိုတာ သေ သေချာချာ မှတ်ပါ။

ဒါနဲ့ ရဟန်းကြီး ခြောက်ဆယ်က ဒါသက သွားဦးကွာ၊ တရားနာချင်တာကိုးဗျ. . . (မှန်ပါ့)။

တရားနာချင်တယ်၊ သွားပါဦးကွဆိုတော့ ဘယ်လိုမေးရမှာ တုန်းဘုရား ရုပ်ကို ငါယောင်ယောင်ထင်တာလား၊ ဝေဒနာကို ငါယောင်ယောင် ထင်တာလား ခန္ဓာငါးပါးကို ဘယ်ဟာကို ငါ ယောင်ယောင် ထင်နေတာတုန်းလို့ . . . (မှန်ပါ)။

ဣမေသု ပဥ္စသု ခန္ဓေသု-ဤငါးပါးခန္ဓာတို့၌၊ အသ္မိတိ= အသ္မိဆိုတဲ့ ငါယောင်ယောင်သည်၊ အဓိကတံ=ထင်နေပါသေး၏။ အယံ-ဤခန္ဓာငါးပါးကို၊ အဟံအသ္မိတိ=ငါတကယ်ဖြစ်၏ဟူ၍တော့၊ နစသမနုပဿာမိ=မရှုပါဘူးတဲ့၊ ဒါရှင်ခေမက,က ပြောလိုက်တဲ့စကား လို့ မှတ်လိုက်စမ်းပါနော် . . . (မှန်ပါ့)။

ခန္ဓာငါးပါးကို ငါယောင်ယောင်တော့ ကျန်သေးတယ်တဲ့၊ တကယ်ငါဖြစ်တယ်လို့တော့ မယူတော့ပါဘူးတဲ့၊ သဘောပါကြပ လား (ပါ-ပါပြီဘုရား)။

ခန္ဓာငါးပါးကို ငါယောင်ယောင်တော့ . . . (ထင်ပါတယ်) တကယ်ငါဖြစ်တယ်လို့တော့ . . . (မယူပါဘုရား)။

တကယ်ငါဖြစ်တယ်လို့ မယူတော့ပါဘူးတဲ့၊ ဒါဆိုတော့ ဦးမြတို့ နားကြီးကြီးနဲ့ထောင်ရမှာပေ့ါဟင် . . . (မှန်ပါ) နားသေး သေးနဲ့ ထောင်လို့ ရပ့ါမလား . . . (မရပါဘုရား) မရဘူးတဲ့ . . . ။

အဲဒီတော့ ဒီဒကာဒကာမတွေ မှတ်ရမှာက ဩော် . . . ဒုက္ခချုပ်တာကို မြင်ပြီးဌြားသော်လဲ ငါဘာမှတ်လို့တုန်း ငါ့ခင်လုံး တွေ ရှိသေးတယ်၊ ငါမခွဲနိုင်သေးဘူးဆိုတာတွေဟာ ဒါရှိထိုက်တယ် သာမှတ်ရမယ် . . . (မှန်ပ့ါ) သဘောကျပလား (ကျပါပြီဘုရား)။

သို့သော် ဒကာဒကာမတွေ အဲဒီအခုပြောတဲ့ ငါယောင် ယောင်ထင်တာရယ်၊ ငါခင်သေးတယ်ဆိုတာတွေဟာ အပါယ်တော့ မကျဘူး . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာဖြစ်လို့မကျသတုန်း မေးတဲ့အခါကျတော့ တကယ် ငါဟုတ်၏လို့ ရုပ်နာမ်ကို တကယ်ငါထင်နေတဲ့ ငါ-ငါ့ဥစ္စာဆိုတာ ကလေး ဒိဋ္ဌိကပြုတ်သွားတယ် . . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါ ပြီဘုရား)။

ရုပ်နာမ်ကို တကယ်ငါ-ငါ့ဥစ္စာထင်နေတဲ့ နှစ်လုံးကတော့ (ပြုတ်ထွက်သွားပါတယ်) ပြုတ်ထွက်သွားတဲ့အတွက် ခုနင်က ပြောခဲ့တဲ့ မာနငါနဲ့တဏှာ ငါကျန်နေဌြားသော်လဲ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ စိုးရိမ်စရာ မရှိဘူးလို့ မှတ်လိုက်တာပေ့ါ (မှန် ပ့ါ) ပေါ်ပလား (ပေါ်သွားပါပြီဘုရား)။

စိုးရိမ်စရာရှိသလား. . (မရှိပါဘုရား) ဘာ့ကြောင့် မရှိသတုန်းမေးတဲ့အခါကျတော့ အပါယ်ကျစေတတ်တဲ့ မာနနဲ့ အပါယ်ကျစေတတ်တဲ့ တဏှာဟာ ဒိဋ္ဌိပြုတ်ကတည်းက ပါသွားတယ်. . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အပါယ်ကျစေတတ်တဲ့ မာနနဲ့ အပါယ်ကျစေတတ်တဲ့ တဏှာဟာ ဒိဋ္ဌိပြုတ်ကတည်းက တွဲပြီးပြုတ်သွားတယ်. . (မှန်ပါ့) သဘောပါပလား . . . (ပါ-ပါပြီဘုရား) ခုနင်က ငါ. . ငါ့ဥစ္စာ မထင်ကတည်းက ဘာတုန်း. . (ပါသွားပါတယ်ဘုရား) ပါသွားပြီ (မှန်ပါ့)။

အပါယ်ကျစေတတ်တဲ့ ငါယောင်ယောင်ထင်မှု အပါယ်ကျစေတတ်တဲ့ ခင်မှု ဒီနှစ်ခုဟာ ဦးမြဲ ဘာပြုတ်ကတည်းကရောပါသွားသတုန်း . . . (ဒိဋ္ဌိပြုတ်ကတည်းက ပါသွားပါတယ်ဘုရား)။

ဒိဋ္ဌိပြုတ်ကတည်းက ရောပါသွားပြီဆိုတာ ဒကာဒကာမတွေ မှတ်ဖို့မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

ဒါ. . ဘုန်းကြီးက ဟောနေတာလား၊ ရှင်ခေမက, က ဟောနေတာလား (ရှင်ခေမက,ကဟောနေတာပါဘုရား) ရှင်ခေမက အနာဂါမ်က ဟောနေတာ၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီတရားကို အသာကလေး ထားလိုက်ပါဦး. . တဲ့၊ ဒီဥစ္စာရဟန္တာဖြစ်အောင် ဟောမှာပဲ၊ ရှင်ခေမက,က သေသေချာချာ ဟောမှာပဲ. . ။ သို့သော်လဲ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ငါ, ငါ့ဥစ္စာမဟုတ်

ဘူးဆိုတဲ့ ခန္ဓာငါးပါးကိုတော့ဖြင့် လက်ရှိခန္ဓာကြီးပေါ့လေ. . . (မှန်ပါ့) ငါ, ငါဥစ္စာဖြုတ်ထားဖို့ ဒီနှစ်ခုအရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ ဘာအရေးကြီးပါလိမ့် (ငါ ငါ့ဥစ္စာဖြုတ်ထားဖို့ အရေးကြီးပါတယ်ဘုရား)။

ငါ ငါ့ဥစ္စာဆိုတာနှစ်ခု ဖြုတ်ထားဖို့ အလွန်အရေးကြီးတယ်ဆိုတာ ဒကာဒကာမတွေ သေသေချာချာမှတ်ပါ. . . ငါယောင်ယောင် ကျန်နေတဲ့ဥစ္စာ ငါခင်နေတဲ့ တဏှာမျိုး ကျန်ချင် ကျန်ပါစေတဲ့ ကိစ္စမရှိဘူး၊ အပါယ်လေးပါး လွတ်သွားပြီ ငါ-ငါ့ဥစ္စာပြုတ်ဖို့က အရေးကြီးပါတယ် (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဘာအရေးကြီးပါလိမ့် . . . (ငါ, ငါ့ဥစ္စာပြုတ်ဖို့ အရေးကြီးပါတယ်ဘုရား) ကဲ. . . ဦးမြ အရေးကြီးတာကိုအရင်ဟောပြီဗျ . . . (မှန်ပါ့) မဟောရပေဘူးလား . . . (ဟောသင့်ပါတယ်ဘုရား)။

အဲဒီတော့ အဲဒီ ငါ, ငါ့ဥစ္စာကတော့ ဘုန်းကြီး ရှင်းရှင်းပဲပြောပါ့မယ်တဲ့၊ ဒီငါ, ငါ့ဥစ္စာရှိသ၍ ကာလပတ်လုံးတော့ဖြင့် ရွှေဘုရားကြီးတည်တည်၊ ရွှေကျောင်းကြီးဆောက်ဆောက် ဦးမြအပါယ်တံခါးပိတ်ပြီလို့ ဆိုလို့ရနိုင်ရဲ့လား. . . (မရနိုင်ပါ) ဒကာဒကာမတို့ ရပ့ါမလား. . . (မရပါဘုရား) အဲဒီတော့ လိုသေးလားဆိုတဲ့အမိပ္ပါယ်ကော ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ငါ ငါ့ဥစ္စာပြုတ်မှုရှေ့ထားပါ

ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ ငါ, ငါ့ဥစ္စာကလေး ပြုတ်ဖို့ကိုလဲ ဆရာဘုန်းကြီးက အခုရင်းနှီးတဲ့ ဒကာဒကာမတွေ အသံသွင်းရင်း တရားပြောပြီးသား ဖြစ်နေတယ်. . . (မှန်ပါ့) တရား ဟောတာ အများစုကို ဟောတာမဟုတ်သေးပါဘူး၊ အသံသွင်းနေ တာ . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒကာဒကာမတို့ ဒီငါ, ငါ့ဥစ္စာကလေး ပြုတ်ဖို့ ရာကို ဘုန်းကြီးက အရေးအကြီးဆုံး ပြောလာခြင်းသည် ဦးမြရေ စိုးရိမ်လို့ ပြောတယ်လို့ဆိုတာဖြင့် ပေါ်သွားပြီ. . . (ပေါ်သွားပါပြီ ဘုရား) မပေါ်သေးဘူးလား . . . (ပေါ်သွားပါပြီဘုရား)။

စိုးရိမ်လို့ ပြောတယ်တဲ့၊ ငါ, ငါ့ဥစ္စာ မပြုတ်သေးလို့ ရှိရင် ဖြင့် ရွှေဘုရားကြီးတည်, ရွှေကျောင်းကြီး ဆောက်ငြားသော်လဲ ဒကာ ဒကာမတို့ အပါယ်ဘေးက မလွတ်သေးဘူး (မှန်ပါ့) မောင်အောင် ချို မှတ်မိပလား . . . (မှတ်မိပါပြီဘုရား)။

ဘာ့ကြောင့်တုန်းလို့ ဦးမြက ခင်ဗျားက လူကြီးဖြစ်နေလို့ မေးတာပါနော် . . . (မှန်ပါ့) ငရဲမျိုးစေ့က ဝမ်းထဲမှာ အနုသယ သဘောနဲ့ ကိန်းလျက်ပါတယ် (မှန်ပါ့)။ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ငရဲမျိုးစေ့က အနုသယသဘောနဲ့ (ကိန်းလျက်ပါ-ပါတယ် ဘုရား) ဝမ်းထဲမှာ ကိန်းလျက် အောင်းလျက်ပါတယ်ဆိုတာ သေချာ ကြပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ငရဲမျိုးစေ့ကို အရင်ထုတ်ပစ်လိုက်လို့ရှိရင် ခင်ဗျားတို့ ပျော်ချင်သလို ပျော်နိုင်တယ်, နေချင်သလို နေနိုင်တယ်လို့ ဘုန်းကြီးက တာဝန်ခံတယ် (မှန်ပါ့ဘုရား)။

ဝိသာခါတို့ ပျော်လိုက်တဲ့ဖြစ်ခြင်း အနာထပိဏ်တို့ ပျော်လိုက်တဲ့ဖြစ်ခြင်း ဘုံစဉ်တွေ လျှောက်စံပြီးပျော်တာပဲ. . . (မှန်ပါ့) ဘာဖြစ်လို့ ရဲရဲတင်းတင်းပျော်ပါလိမ့်မတုန်းလို့ ဦးအောင်ဇံဝေက မေးလို့ရှိရင် ငရဲမျိုးစေ့ ပြုတ်လို့ပျော်တာ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပျော်ချိန်နဲ့ ငရဲမျိုးစေ့ထုတ်ချိန်ကို ဘယ်သူရှေ့ထားရမလဲ . . . (ငရဲမျိုးစေ့ထုတ်ချိန်ကို ရှေ့ထားရပါမယ် ဘုရား)။

နောက်မပျော်ရဘူးလို့ ပြောတာမှမဟုတ်ဘဲ . . . (မှန်ပါ့) ပျော်ရပါတယ်၊ သား, လင်, ခင်ပွန်းနဲ့ နေနိုင်ပါတယ်၊ အားလုံးနေနိုင်ပါတယ်၊ ဥယျာဉ်, ဗိမာန် ပဒေသာပင်တွေနဲ့ ပျော်လို့ရွှင်လို့ အကုန်နေနိုင်ကြပါတယ်။

သို့သော်လည်း စိတ်မချရတဲ့ နေနည်းကို စိတ်ချပြီးမှ နေနည်းကလေး ပြောင်းလိုက်ဖို့ကောင်းတယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ဒါအရေးကြီးလို့ ပြောတဲ့စကားဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

စိတ်မချ, လက်မချပျော်ရတာနဲ့ စိတ်ချ,လက်ချပျော်ရတာဟာ ဦးမြဆုံးဖြတ်ချက်ချ ဘယ်ဟာကောင်းသတုန်း . . . (စိတ်ချလက်ချ ပျော်ရတာ ကောင်းပါတယ်ဘုရား)။

စိတ်ချ လက်ချပျော်ရတာ ကောင်းတယ်ဆိုတာ ဒကာ ဒကာမတွေ လေးလေးစားစားမှတ်ပါ . . . (မှန်ပါ့) မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား)။

အခုတော့ဖြင့် အရေးကြုံလာတယ်၊ ကိုယ်ကလဲ ဗုဒ္ဓဘာသာဖြစ်နေတယ်၊ ဩော် . . . ငါလွန်သွားပြီ ငါ့မှာတော့ အပါယ်ကျဦးမှာပဲဆိုတာကလေးက စိတ်ထဲပါ-ပါနေရတယ် . . . (မှန်ပါ့) မပါဘူးလား . . . (ပါ-ပါတယ်ဘုရား)။

ပါတော့ ကိုယ့်ဟာကိုယ်လဲ ပစ္စုပ္ပန်မှာ အတ္တာနုဝါဒဘေးဆိုတဲ့ ကိုယ့်စိတ်ကလဲ ကိုယ့်ကိုဘေးသင့်အောင် လုပ်နေတယ် . . . သံသရာဘေးကလဲ မလွတ်သေးဘူး၊ ကိုယ့်စွပ်စွဲတဲ့ဘေးကကော ရှိရဲ့၊ ကိုယ့်ကိုယ်-ကိုယ် စွပ်စွဲတဲ့ဘေးကကော . . . (ရှိပါတယ်ဘုရား) ရှိနေတယ်၊ ငါတော့မှားသွားပြီဟော့၊ မှားသွားတာ အပါယ်ရောက်ဦးတော့မှာပဲဆိုတဲ့ ကိုယ့်ကိုယ်စွပ်စွဲတဲ့ဘေးကလဲ မလွတ်သေး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အပါယ်ဘေးကကော (မလွတ်သေးပါဘုရား) မလွတ်သေးဘူး၊ ကိုယ့်စိတ်မချမ်းသာမှုကလဲ မလွတ်သေး၊ အပါယ်ကျဖို့ အရေးကလဲ မလွတ်သေးဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကိုဟ. . . စိတ်ချရမှ ပျော်ပါဟ . . .၊ မပျော်နဲ့လို့ ဆရာဘုန်းကြီးကဟောသလား . . . (မဟောပါဘုရား) မဟောပါဘူးတဲ့၊ စိတ်ချပြီးတော့ပျော်တာပေါ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အိမ်မှာ ငါးမူးမှမရှိဘဲနဲ့ တစ်ကျပ်ဖိုးလောက် ပျော်ချင်နေ

လို့ရှိရင် အပြန်တော့ စားစရာမရှိပေဘူး . . . (မှန်ပါ့) ဒီအပျော်မျိုးတော့ ကောင်းပါ့မလား၊ (မကောင်းပါဘုရား) မကောင်းပါဘူးတဲ့ အိမ်မှာ ငါးမူးမှမရှိဘဲနဲ့ တစ်ကျပ်ဖိုးလောက် ပျော်လိုက်တယ် ဆိုလို့ရှိရင် အပြန်ထမင်းငတ်ဖို့မှတစ်ပါး ဘာမှမရှိဘူး . . .၊ မောင်မြင့် ဒီအပျော်မျိုးတော်ပါ့မလား . . . (မတော်ပါဘုရား) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီအရေးသည်ကားလို့ ဆိုရင်ဖြင့် အိမ်မှာတစ်ပုံကြီး ရှိနေရင် ဘာမှကိစ္စမရှိဘူး၊ ဒါလောက်နဲ့အရေးမကြီးဘူး ဆိုရင်တော့ တစ်ရာဖိုးပျော်ပျော်၊ တစ်ထောင်ဖိုးပျော်ပျော် ဦးမြအရေးကြီးသေးသလား . . . (မကြီးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေ့နောက်ကလေးသာ ခွဲတော့ဆိုတာကို ပြန်ပြောလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ဘာမှာသတုန်း (ရှေ့နောက်ခွဲပါဘုရား) ရှေ့နောက် ခွဲလိုက်ပါဆိုတာ ကလေးပဲသတိပေးလိုက်ပါတယ်၊ ငါ-ငါ့ဥစ္စာ ပြုတ် မှုကို ရှေ့ထားပြီး ပျော်မှုနောက်ထားလိုက်ပါ၊ (မှန်ပါ့ဘုရား)။။

မောင်ဇီဝ ဘာသတိပေးသတုန်း . . . (ငါ့,ငါ့ဥစ္စာ ပြုတ်မှုကိုရှေ့ထားရပါမယ်ဘုရား) ပျော်မှုကို . . . (နောက်ထားရပါမယ်ဘုရား)။

သူ-ပြုတ်ပြီးလို့ ပျော်ရတော့ကို အိမ်မှာတစ်ပုံကြီးရှိလို့ တစ်ထောင်ဖြုန်းပြီး ပျော်တာ ဘာအရေးကြီးသတုန်း (မကြီးပါ

ဘုရား) မဟုတ်ဘူးလား . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

နို့မဟုတ်လို့ရှိရင်တော့ကွာတဲ့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောပါမယ်တဲ့။

မစ္ဆဝ မညတိ ဗာလော၊ ယာဝပါပံ နပစ္စတိ၊
ယဒါစ ပစ္စတိပါပံ၊ ဗာလောဒုက္ခံ နိဂစ္ဆတိ။

ဓမ္မပဒပါဠိတော်မှာနော် . . . (မှန်ပါ့) လောကီဥပမာ ငါဘုရားဟောမယ်ကွာ . . . တဲ့၊ ထက်လှစွာသော သင်ခုန်းသွားကို မောင်အောင်ချီက ပျားရည်ကလေးသုတ်ထားနော် . . . (မှန်ပါ့) ပျားရည် အရသာကလေးကို နှစ်သက်တာနဲ့ သွားလျက်လို့ရှိရင် လျှာပြတ်မှာနဲ့ ပျားရည်အရသာနဲ့ ကာမိရဲ့လား (မကာမိပါဘုရား) မကာမိဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ ဘုရား)။

ဒီမှာလဲ ထိုနည်းအတူပါပဲတဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အခုပျော်နေတဲ့ဉစ္စာက အပါယ်နဲ့စာလိုက်လို့ရှိရင်ဖြင့် ပျားရည်ချိုတာနဲ့ သင်ခုန်းရှတာနဲ့လောက် ကွာခြားသွားမယ် (မှန်ပါ့)။

ဗာလော=သူမိုက်သည်၊ မစ္ဆဝ=ပျားသကာကဲ့သို့၊ မညတိ=အောက်မေ့၏။ ပျားသကာ ချိုတာကလေး လောက်သာ သူအောက်မေ့နေတော့ သင်ခုန်းပြတ်မှာ သူမသိသလို ဖြစ်နေတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ယာပါပံနပစ္စတိ . . . တဲ့၊ ယာဝ=အကြင်မျှလောက်၊ ပါပံ= သူပြုထားတဲ့ ပျားရည် လျက်ထားတာ ကလေးက၊ နပစ္စတိ= အကျိုး ခပေးသေးဘူး၊ တစ်ခါအကျိုးပေးလာတော့ မခံနိုင်တော့ဘူးဟော့၊ ဘဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား) အခုတော့ ချိုသယောင် ခယောင်၊ သို့သော်လျှာပြတ်သလောက် ခရီးပေါက်ကဲ့လား . . . (မပေါက်ပါဘုရား)။

အဲ-အခု ပျော်နေတာကတော့ ပျားရည် ခါးသွားပေါ် ဘင်ပြီး သကာလ လျက်သလောက်သာ ပျော်ရတာပါကွာ - တဲ့ ချိုတာက နည်းနည်း လျှာပြတ်သွားတာက များများဖြစ်နေတယ် . . . (မှန်ပါ့)။

ဒါ . . . ငါ, ငါ့ဥစ္စာ မပြတ်ဘဲနဲ့ ပျားရည်လျက်တဲ့ သူနဲ့ ဥပမာတူတယ်ဆိုတာဘုရားက ဦးမြဟောလိုက်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ပြင်ကြဦးဆိုတာကို သတိမပေးထိုက် ဘူးလား၊ (ပေးထိုက်ပါတယ်ဘုရား) ပေးထိုက်တယ်တဲ့ ဒီစီးပွားရေး ပင်လယ်ထဲမျောမနေပါနဲ့ ပြောလိုက်တာပါဘဲ . . . (မှန်ပါ့ဘုရား)။

နောက်က ဒကာဒကာမတွေ ဘာပြောတာတုန်း (စီးပွား ရေး ပင်လယ်ထဲ မျောမနေပါနဲ့ ဘုရား)။

မျောမနေနဲ့ဆိုတာ ဦးမြတို့လိုလူကြီးတွေ, ဦးအောင်ဇံဝေ တို့လိုလူကြီးတွေကျတော့ ဒါပြောရမယ် . . . (မှန်ပါ့) မဟုတ် ဘူးလား . . . (မှန်ပါ့) စီးပွားရေးက ပျားသကာအပြားကလေး လောက်ရှိတာ အကုသိုလ်က ခုနင်က ခါးရှတာလောက် ကြီးကျယ်

နေတာ (မှန်ပါ့) မကြီးကျယ်ဘူးလား . . . (ကြီးကျယ်ပါတယ်ဘုရား)။

အဲဒါကြောင့် . . . တဲ့ လူကြီးတွေမှာလဲ ဒီအတိုင်း, လူငယ်တွေမှာလဲ ဒီပုံအတိုင်း အကဲခတ်လို့ရှိရင်ဖြင့် အတော်ဆိုးဝါးသွားမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ကြောက်စရာသိပ်ကောင်းပါတယ်နော် . . . (ကောင်းပါတယ်ဘုရား)။

ကိုင်း - ဒါဖြင့် ငါ့ငါ့ဥစ္စာ ပြုတ်ဖို့ အရေးဟာဖြင့် ဆရာကောင်းက လမ်းပြရတယ်၊ သူပြုတ်သွားလို့ရှိရင် စိတ်အေး လက်အေးပျော်တော့ . . . (မှန်ပါ့) မပျော်နဲ့ ဟောတာလား သူပြုတ်သွားမှ ရဲရဲတင်းတင်းပျော်လို့ ခိုင်းတာလား၊ (သူပြုတ်သွားမှ ရဲရဲတင်းတင်းပျော်လို့ ခိုင်းတာပါဘုရား)။

သူပြုတ်သွားမှ ရဲရဲတင်းတင်းပျော်ပါလို့ ဆိုတဲ့ဥစ္စာကို ဒကာဒကာမတို့ သတိပေးတာဟာ ခင်ဗျားတို့ကို အတင်းအဓမ္မဝါးနဲ့ညှပ်ပြီး ဟောတဲ့တရားမဟုတ်ဘူး၊ ရှေ့နောက်အခွဲခိုင်းတာသက်သက်ပါ (မှန်ပါ့)၊ သဘောပါပလား (ပါ-ပါပြီဘုရား)။

ဘာတဲ့တုန်း - (ရှေ့နောက်အခွဲခိုင်းတာပါဘုရား) ရှေ့နောက်အခွဲခိုင်းတာသက်သက်၊ ဝါးနဲ့ညှပ်ဖြီးသကာလ တစ်ခါတည်းဟာ ခင်ဗျားတို့ဒါ - မလုပ်ရဘူးလို့ ဒီလိုပြောတာမဟုတ်ဘူး၊ (မှန်ပါ့) ရှေ့နောက်ကလေး ပြန်လိုက်ပါတော့ ဆိုတော့ ဒါ ဝန်လေးစရာအလုပ်လား၊ တာဝန်ခံစရာ အလုပ်လား ဆိုတာ ဦးအောင်ဇံဝေအကဲခတ်စမ်း . . . (တာဝန်ခံစရာအလုပ်ပါ ဘုရား) တာဝန်ခံစရာ

အလုပ်ပဲဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ရှေ့နောက်တွင် ဒီအရေးနောက်ကျနေလို့ရှိရင် မောင်ဇီဝ အမှားကြီးမှားမယ် . . . (မှန်ပါ့) ငါ-ငါ့ဥစ္စာ ပြုတ်တဲ့အရေး နောက်ကျနေလို့ရှိရင်ဖြင့် လုပ်သ၍ တစ်ခါတည်း အပါယ်ချည်းသွားတာပဲ . . . (မှန်ပါ့)။

ဒီ . . . နှစ်ခုပြုတ်ပြီး သွားမှ လုပ်သ၍ ဟာ . . . အပါယ်ကိုမရောက်တော့ဘူး၊ (မှန်ပါ့) ဆိုတော့ ဦးမြအားကိုးလောက်တယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) အားကိုးလောက်တယ်ဆိုတာ ဦးနေဖူးပေါ်ရဲ့လား . . . (ပေါ်ပါတယ်ဘုရား) အဲ . . . သေသေချာချာမှတ်၊ ခင်ဗျားတို့ နံပါတ်ပြောင်းပြန်ဖြစ် သွားဦးမယ် . . . (မှန်ပါ့)။

နောက်က ဒကာဒကာမတွေကော နားလည်ရဲ့လား . . . (လည်ပါတယ်ဘုရား) ခင်ဗျားတို့က အခု ရှေ့နောက် ကိုယ်ကိုယ်တိုင် လွဲနေတာတွေကော သိကြပလား. . . (သိပါပြီဘုရား) ရှေ့နောက် ကိုယ်ကိုယ်တိုင် လွဲနေတယ် ဆိုတာတော့ ဦးမြ ဘုန်းကြီး အထူးပြောစရာမလိုဘူးနော် . . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ဒါဖြင့် ပြောကြပါစို့ . . . တဲ့ ဒီဥစ္စာဒကာဒကာမတွေ ငါ့,ငါ့ဥစ္စာ ပြုတ်ဖို့ဆိုတာ ဆရာကောင်းနဲ့ ကပ်လိုက်လို့ရှိရင် အားလုံးနောက်က ဒကာဒကာမတွေ မှတ်လိုက်စမ်းပါ အလွယ်ကလေးနဲ့ ပြုတ်တယ် . . . (မှန်ပါ့) ငါမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူးကလေးသိဖို့ တစ်လုံးပဲ . . . (မှန်ပါ့)။

ဒါ . . . သိပ်ခက်တဲ့ အလုပ်မဟုတ်ပါဘူး . . .၊ မယုံလို့ ရှိရင်ဘုန်းကြီး ရှင်းရှင်းပြောပါ့မယ်၊ တကယ့် သူတော်ကောင်းကြီး တွေကျတော့ ကွာ . . . သောတာပန်တည်ဖို့ လက်ဖျစ်တစ်တွက် တောင် မကြာပါဘူး၊ ဒီလိုတောင် ဟောတာဗျ. . . (မှန်ပါ့) ဒီလိုတောင် ဟောကြတယ် . . .၊ ငါ့,ငါ့ဉစ္စာ ပြုတ်ရင် ပြီးတာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ငါ့,ငါ့ဉစ္စာ ဉာဏ်ကသာ ပြုတ်ပါစေအသိနဲ့ မပြုတ်စေနဲ့ အသိနဲ့ပြုတ်တာတော့ မပိုင်သေးဘူးပေါ့ကွာ (မှန်ပါ့ဘုရား) ဉာဏ်ထဲမှာ တကယ်ပြုတ်သွားရင် အဲဒါ သောတာပန်တည်ပါတယ် ဆိုတာ နောက်က ဒကာဒကာမတွေလဲ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးကလဲ ဟောတယ်လို့ မယူဘဲနဲ့ ငါ့, ငါ့ဉစ္စာပြုတ်ဖို့အရေးကို ဘုရားက ဘယ်လောက်မြန်မြန် အလိုရှိ တယ်ဆိုတာ ရင်ဝကို သူများက လှံနဲ့ထိုးလိုက်တယ်။ ဦးမြ အဝေး ကြီးလှံ့ကို လှမ်းရှောင်တယ်၊ ကိုယ့်ဆီလာတာမြင်ရင် ဦးမြ ဖြေးဖြေး ရှောင်မလားတဲ့ . . . အသက်ကြီးပြားသော်လဲ၊ သွက်နိုင်သမျှ သွက်ပြီးရှောင်မလား . . . (သွက်သွက်ရှောင်မှာပါဘုရား) သွက် သွက်ရှောင်မယ်နော် (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် သေမည့်ဘေးကိုး၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ် ဘုရား)။

ဒီမှာ ဦးခေါင်း မီးလောင်တယ်ဆိုလို့ရှိရင်လဲ ဒကာဒကာမ

တွေ သူများဆေးလိပ်မီးပွားကလေး ကိုယ့်ခေါင်းပေါ် လွင့်လာလို့ ကိုယ့်ခေါင်းပေါ်လဲ ဆီနဲ့ ဗဆလင်တွေနဲ့ဆိုရင် လောင်ချင် လောင်ပစ်လိုက်မှာ . . (မှန်ပါ့) ဒါ . . . မြန်မြန်ငြိမ်းမှာလား နှေးနှေး ငြိမ်းမှာလားဆိုရင် ဒီ့ထက်မြန်တဲ့အလုပ် ရှိကြပါဦးမလား . . . (မရှိပါဘုရား)။

အဲဒါထက် ငါတော့ မြန်စေချင်တာပဲကွာ . . . တဲ့၊ ငါ-ငါ့ ဥစ္စာဖြုတ်တဲ့နည်းကို . . . (မှန်ပါ့) ကဲ . . . ပေါ်ပလား . . . (ပေါ် ပါပြီဘုရား)။

## ငရဲမျိုးစေ့ မြန်မြန်ထုတ်ပါ

ငါ-ငါ့ဥစ္စာဖြုတ်တဲ့နည်းကို ရင်ဝလှံနဲ့ထိုးလိုက်တာ ရှောင် တာ မြန်သလို ဦးခေါင်းမီးလောင်တာ မြန်မြန်ပွတ်ချေတာ မြန်သလို ဒီ့ထက်တောင် မြန်စေချင်သေးတယ်ကွာတဲ့၊ ဒါက သံယုတ်ပါဠိတော် နော် . . . (မှန်ပါ့) သဘောကျကြပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားကလဲ အမြန်ဖြုတ်ခိုင်းတာ ဦးမြကြီးက ရိပ်မိ ပါရောမယ်၊ ငရဲမျိုးစေ့ကို မြန်မြန်ထုတ်ပစ်ပါ ပြောတာ . . (မှန်ပါ့ ဘုရား)။

ဘာပြောတာတုန်း . . . (ငရဲမျိုးစေ့ကို မြန်မြန်ထုတ်ပစ်ပါ ပြောတာပါဘုရား) အဲဒီတော့ ငရဲမျိုးစေ့တွေတော့ မြန်မြန်မဖြုတ်ဘဲ နဲ့ ငရဲမျိုးစေ့တွေချည့် မျိုနေလို့ရှိရင် ဘယ်ကောင်းတော့မတုန်းကွ၊ ကောင်းနိုင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

မရှိတော့ဘူးဆိုတော့ ဒါကလေးဟာ ငါ့သမီးကလေးပဲ၊ ဒါကလေးဟာ ငါ့သားကလေးပဲ၊ ငါ့ညီမလေးပဲ ဆိုလို့ရှိရင် အပြောတွင်လားလို့ မေးတဲ့အခါ ကိုယ့်ညီမဖြင့် ကိုယ်ခင်ရမှာပဲ . . . (မှန်ပါ့ဘုရား)။

ကိုယ့်သမီးဖြင့် ကိုယ်ပူရမှာပဲ၊ ကိုယ့်သားဖြင့် ကိုယ်ချစ်ရမှာပဲ ဆိုတော့ ကိုယ့်သားလို့ ထင်လိုက်လို့ ချစ်ရမှာပဲဆိုတဲ့ တဏှာက နောက်ကလိုက်တာပဲ . . (မှန်ပါ့) ကိုယ့်သားဆိုတဲ့ ဒိဋ္ဌိက ရှေ့သွားလို့ ချစ်ရမှာပဲဆိုတဲ့ တဏှာက နောက်ကလိုက်တာ . . . (မှန်ပါ့) သဘောကျပလား . . (ကျပါပြီဘုရား)။

ကဲ . . . ဒါဖြင့် ဒိဋ္ဌိနဲ့တဏှာ ဘယ်သူက ရှေ့သွားသတုန်း . . . (ဒိဋ္ဌိက ရှေ့သွားပါတယ်ဘုရား) ကဲ . . ဒါဖြင့် ဒိဋ္ဌိပြုတ်တော့ တဏှာချည့် အပါယ်မရောက်ဘူးဆိုတာ သေချာပလား (သေချာပါပြီ) ဒိဋ္ဌိပြုတ်တော့ တဏှာက အပါယ်ပို့သေးရဲ့လား (မပို့ပါဘုရား)။ ဒါဖြင့် ဒိဋ္ဌိနဲ့ တဏှာ ဘယ်ဟာ အရင်သတ်ကြမယ် . . . (ဒိဋ္ဌိ အရင်သတ်ရပါမယ်ဘုရား) ကဲ . . . ဦးမြ ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

ရှင်းသွားတော့ ဒကာဒကာမတွေ ဝတ္ထုအသာထားပြီး သကာလ ဩော် . . . ဆရာဘုန်းကြီးက ရှေ့ထားရမည့် အရေးကို ရှေ့ထားပါဆိုတာကလေးကို ရှေ့ထားနည်းကလေးကို ပြပေးတော့မယ်လို့ မောင်မြင့် မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

ဘာပြမလဲ (ရှေ့ထားနည်းပြပါမယ်ဘုရား) ရှေ့ထားနည်း ပြပေးမယ်နော် . . . (မှန်ပါ့) ဘာ့ကြောင့်တုန်းဆိုတော့ ဘုန်းကြီး မပြလို့ရှိရင် ခင်ဗျားတို့ ဘယ်အခြေအနေရောက်သွားမတုန်းလို့ မေးတဲ့အခါကျတော့ ဘုရားကလဲ သူ့ကိုဒီလိုဖြုတ်ဖို့ဟာ ရင်ဝလှံနဲ့ ထိုးလိုက်တဲ့အခါ မြန်မြန်ရှောင်သလို ဦးခေါင်းမီးလောင်တဲ့အခါ ကပျာကရာ ပွတ်ချေသလို ဒီ့ထက် မြန်မြန်ကလေး လုပ်ပါဆိုတော့ ဘုန်းကြီးက ဒီဟာကို အဟောနောက်ကျနေမယ်၊ ခင်ဗျားတို့ကလဲ မသိလို့ မသိသလိုနေမယ်ဆိုလို့ရှိရင် ဒါ . . . ဆရာအပြစ်သင့်ပါ တယ် . . . (မှန်ပါ့) မသင့်ဘူးလား (သင့်ပါတယ်ဘုရား)။

ဆရာဆိုတာ မကောင်းရာပယ် ကောင်းရာညွှန်ကြားရမှာ ကိုး (မှန်ပါ့) ဒါ . . . ဆရာ့တာဝန် (မှန်ပါ့) ခင်ဗျားတို့တာဝန်က ဘာတုန်း ညွှန်ကြားတဲ့အတိုင်း မလိုက်နာ ခင်ဗျားတို့အပေါ် အပြစ် ရောက်တာကိုး . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီတရားကို ဦးမြတို့ ဦးအောင်ဇံဝေတို့ကပဲ အကဲခတ်တာပေါ့၊ အရင်ဟောရမည့်တရားလား နောက်ဟော ရမည့်တရားလား (အရင်ဟောရမည့် တရားပါဘုရား) ပေါ်ကြ ပလား ဒကာဒကာမတို့ . . . (ပေါ်ပါပြီဘုရား)။

ဒီတရား အရင်ဟောရမှာလား (ဟောရမှာပါဘုရား) မဟောရင် ဆရာ့ဝတ္တရား ပျက်-မပျက် (ပျက်ပါတယ်ဘုရား) မလိုက် နာရင် ဘယ်သူပျက်သတုန်း (တပည့်ဝတ္တရား ပျက်ပါတယ်ဘုရား)။

မလိုက်နာရင် တပည့်ဝတ္တရား ပျက်တယ်၊ အဟောနှေး

နေရင် ဆရာ့ဝတ္တရားပျက်တယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အဲဒါကြောင့် ဆရာဝတ်တော့ အပျက်မခံနိုင်ပါဘူးဆိုတာကိုလဲ တရားဟောတယ်ဆိုတာ သနားလို့ ဟောတာ ဖြစ်လေသောကြောင့် ဦးမြ ဒါအရင်ပြောတော့မှာပဲနော် . . . (မှန်ပါ့) မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား) အရင်ပြောလိမ့်မယ်ဆိုတာ ဒကာဒကာမတွေ မှတ်လိုက်ပါ (မှန်ပါ့)။

ကိုင်း . . ဒါဖြင့် ဘုန်းကြီးသင်ထားပါတယ်၊ နေ့လည်ကပဲ ဦးမြတို့ စာနဲ့ရေးလိုက်တယ်၊ ဦးနေဖူးကြီးကလဲ စာရေးပေးလိုက်တယ်နော် . . . (မှန်ပါ့)။

စိတ်ကလေးတွေ ရေးပေးလိုက်တယ်၊ မြင်တယ်၊ မြင်စိတ်ကလေးကို ကြည့်ပါတဲ့၊ မြင်စိတ်ကလေးဟာ ဘာတုန်းဆိုတာ ကြည့်ပေးပါဆိုတော့ မြင်တဲ့စိတ်ကလေးကို ဦးမြက ကြည့်လိုက် ဦးနေဖူးက ကြည့်လိုက်၊ ကြည့်တဲ့စိတ်လာရင် မြင်စိတ်ရှိ၊ မရှိ . . (မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့် မရှိပါလိမ့်မတုန်း မေးတော့ ငါလဲမဟုတ်လို့ ငါ့ဥစ္စာလဲ မဟုတ်လို့ တားလို့မရဘူးဘုရား၊ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ငါကော . . (မဟုတ်ပါဘုရား) ငါ့ဥစ္စာကော . . (မဟုတ်ပါဘုရား) ငါလဲမဟုတ် ငါ့ဥစ္စာလဲ မဟုတ်လို့ တားမရဘူးဆိုတော့ ဩော် . . ကြည့်လိုက်တော့ မရှိတာကလေး တွေ့လိုက်လို့ရှိရင်

ငါ-ငါ့ဥစ္စာမဟုတ်တာ သေချာသွားတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ငါ-ငါ့ဥစ္စာ ဖြုတ်ချင်လို့ရှိရင်ဖြင့် ဘုန်းကြီးရေးပေးတဲ့ ဆယ့်နှစ်ချက်ကို လှည့်ကြည့်နေလို့ရှိရင် ဒါ- ဘာလုပ်နေတာတုန်း မေးတော့ အပါယ်ငရဲ မျိုးစေ့ကို ခင်ဗျားတို့ နှင်ထုတ်နေတာဆိုတာကော ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

ဘာနှင်ထုတ်တာပါလိမ့် . . . (အပါယ်ငရဲ မျိုးစေ့ကို နှင်ထုတ်တာပါဘုရား)။

အပါယ်ငရဲ မျိုးစေ့ကို နှင်ထုတ်နေတယ်ဆိုတော့ နောက်က ဟိုလူငယ်တွေ မောင်အောင်ချို,တို့ လူစု၊ မောင်မြင့်, တို့ လူစု ကြော် . . . ဒါကလေးဟာ အလွယ်သားပဲ။ သူ့အရင်ထုတ်လိုက်ရင်တို့ . . . ဘာကြာမတုန်းဆိုပြီး အရင်သာ ထုတ်ပစ်လိုက် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါ . . . ခဲယဉ်းတဲ့အလုပ်လားတဲ့၊ ကြည့်တတ်လို့ရှိရင်ဖြင့် မရှိတာ သိမှာပဲ . . . (မှန်ပါ့)။

ကဲ . . . မြင်တဲ့စိတ်ကလေး ပေါ်လာပြီ၊ မီးမြင်မြင်, ဘာမြင်မြင် မြင်တဲ့စိတ်ကလေးဟာ မျက်လုံးထဲ ပေါ်မှာပဲ . . . (မှန်ပါ့) ပေါ်တာကလေးကို ဦးမြကြီး သူ့သဘောကို ဆုံးအောင် ကြည့်စမ်း၊ နောက်ကနေ ဉာဏ်နဲ့ကြည့်လိုက်စမ်းဆိုတော့ ဘာတွေ့ ရမယ်ထင်သတုန်း ခင်ဗျားတို့ . . . (ဖြစ်တာနဲ့ ပျက်တာတွေ့မှာ ပါဘုရား) ဖြစ်တာနဲ့ ပျက်တာကိုတွေ့တော့ ဖြစ်တာကိုလဲ ခင်ဗျားတားလို့ရသလား. . . (မရပါဘုရား) ပျက်တာကိုကော . . . (တားလို့မရပါ

ဘုရား) ဒါဖြင့် ငါ့,ငါ့ဥစ္စာ မဟုတ်လို့ပေါ့ဗျ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် . . . (ငါ့,ငါ့ဥစ္စာ မဟုတ်လို့ပါ ဘုရား) ငါဖြစ်လို့ရှိရင် ငါ့သဘောအတိုင်း သူတည်တံ့နေရမယ် . . . (မှန်ပါ့) ငါ့ဥစ္စာဖြစ်လို့ရှိရင် ကိုယ်သိမ်းပိုက်ထားလို့ ရရမယ် . . . (မှန်ပါ့) ဒီလိုရရဲ့လား . . . (မရပါဘုရား)။

မရတော့ ဒီတစ်ချက်မြင်လိုက်လို့ရှိရင်ပဲ ဩော်-ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်းကို သိပြီ၊ ဒါ ကိုယ့်ခန္ဓာပဲ၊ ဒါ ဝိညာဏက္ခန္ဓာခေါ်တယ် . . . (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာကို ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်း သိတာပေါ့ (မှန်ပါ့ဘုရား)။

ကဲ . . . မောင်အောင်ချိ ခဲယဉ်းသလား (မခဲယဉ်းပါ ဘုရား) မောင်မြင့်တို့ ခဲယဉ်းသလား (မခဲယဉ်းပါဘုရား) ကြိုးစားလုပ် လိုက်ပါ၊ ဒါကလေးကို ရှေ့ထားပြီးတော့ . . . (မှန်ပါ့ဘုရား)။

နောက်က ဒကာဒကာမတွေ ဘာတဲ့တုန်း (ကြိုးစားလုပ်ရ ပါမယ်ဘုရား) ဆင်ခြေမလဲနဲ့နော်၊ ဆင်ခြေလဲလို့ရှိရင် ငရဲမျိုးစေ့ ကြီးပွားပါရစေဆိုတာနဲ့ ဦးမြ . . (အတူတူပါဘုရား) အတူတူပဲ ဦးအောင်ဖေဝေရ . . . (မှန်ပါ့ဘုရား)။

## ငရဲဆိုတာ

ငရဲမျိုးစေ့ ကြီးပွားလေလေ ငရဲသက်ရှည်လေလေဆိုတော့ ငရဲဆိုတာ အပြောသာ ငရဲနော် တကယ်ရောက်သွားတဲ့အခါကျလို့

ရှိရင်ဖြင့် ရောက်သည်နဲ့ တစ်ပြိုင်နက်တည်း အင်မတန် ရဲရဲ တောက်တဲ့ သံပြားအပူကြီး အပေါ်မှာ ငရဲသားတွေက ဆွဲလှဲ့တာ ဗျ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဆွဲလှဲ့ပြီးတော့မှ လက်တွေဘာတွေ တစ်ခါတည်း အင်မ တန်ပူလှတဲ့ ရဲရဲတောက် သံပူကြီးတွေနဲ့ အောက်သံပြားနဲ့ သူနဲ့ တစ်ခါတည်း ကျုပ်တို့ သံမှိုတေသလို တေတာဗျ. . . (မှန်ပါ့) ခံနိုင်ရည်ရှိပါ့မလား . . . (မရှိပါဘုရား)။

ဒါငရဲအိုးထဲ မချခင်ဖြစ်တဲ့အဖြစ်၊ ရောက်သွားတဲ့ပုဂ္ဂိုလ် မှာ (မှန်ပါ့) မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား) ခြေရော လက်ရော အကုန်ဗိုက်ပါ ဖောက်လိုက်တာပဲ . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဒီကနေ တွေးကြည့်ရင်ပဲ ကြက်သီးထ စရာကြီးပါ . . . (မှန်ပါ့) ဒါက ဒီပြင်ငရဲတွေကို စီရင်ချက်ချပြီးတော့ ဒီပြင်ငရဲတွေ မပို့သေးပါဘူး၊ ကျင်ကြီးငရဲကြီးများ ပို့လိုက်တယ် ဆိုရင်ဖြင့် အပ်သွားလောက် ရှိတဲ့ ပိုးကောင်တွေ ကျင်ကြီးပိုးတွေက တစ်ခါတည်း ရိုးတွင်းချဉ်ဆီဖောက်စားတာဗျ အသားတွေ အကုန် ဖောက်ပြီး ရိုးတွင်းချဉ်ဆီ အကုန်စုပ်ယူတာ ခံနိုင်ရည်ရှိပါမလား . . . (မရှိပါဘုရား)။

အဲဒါတွေကလဲ တစ်တွင်းလုံး ပြည့်နေတဲ့အထဲ ပစ်ချလိုက် တာ၊ ဆိုတော့ မောင်ဇီဝ ခံနိုင်ရည်ရှိပါမလား မရှိဘူးကွ . . . (မှန်ပါ့) မောင်မြင့်ကော . . . (မရှိပါဘုရား) နောက်က ဒကာဒကာမတွေ . . . (မရှိပါဘုရား)။

အဲဒါကြောင့် ငရဲဘာကိစ္စ ရှိသတုန်းလို့မျှား သွားပြီး လုပ်မနေနဲ့နော်. . . ။ သွားပြီးလုပ်မနေကြနဲ့ အပျော်စကား ပြောမနေနဲ့ (မှန်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) မွေးတစ်နေ့ သေတစ်နေ့တွေ လုပ်မနေနဲ့ . . .၊ တကယ်တန်း ချလိုက်တဲ့အခါ မခံနိုင်ဘူးဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်ပ့ါ)။

## ပြိတ္တာဆိုတာ

ဒီငရဲမဖြုတ်လို့ ပြိတ္တာဘုံကြီးများဖြစ်တဲ့ အခါကျတော့ ဦးမြကြောက်စရာ ကောင်းလိုက်တာ ပြိတ္တာဖြစ်နေတာ . . . (မှန်ပ့ါဘုရား) လူကတော့ အတောင်လေးဆယ်လောက်ရှိတယ် ဂင်္ဂါမြစ်နားမှာ သွားဖြစ်တယ်၊ ပါးစပ်ပေါက်ကတော့ အပ်ဖျားကလေးလောက်ပါတယ်၊ လုံးပတ်ကလဲ သစ်တုံးကြီးလောက်ပဲရှိတယ်။

မနက်ရဟန်းတွေ ဆွမ်းခံသွားတော့ ဒါကြီးတွေ့တယ်၊ ဒကာကြီး ဘာလုပ်မလို့တုန်း ဒီအနားမှာဆိုတော့ တပည့်တော် ရေသောက်ချင်လွန်းလို့ဘုရား . . . တဲ့၊ ဟိုမှာ မြစ်ကြီးဗျ ခင်ဗျား မမြင်ဘူးလားလို့မေးတော့ အရှင်ဘုရား . . . တပည့်တော် ဆင်းသွားရင် ဖုတ်တထောင်းထောင်းထ,တယ်လို့ လျှောက်တယ်။

ကိုင်း . . . ဒါ-ပြိတ္တာရှိသေးတယ် (မှန်ပ့ါ) သူဆင်းသွားရင် ဘာတဲ့တုန်း (ဖုတ်တထောင်းထောင်းထပါတယ် ဘုရား) ဒီအထဲက အကုန်ဘေးရှဲပြီးတော့ ဒီကြားထဲ ဖုတ်တထောင်းထောင်းထတာကြီး မြေပေါ်လာတာပဲ သဘောကျကြပလား . . (ကျပါပြီဘုရား)။

ဒါနဲ့ တပည့်တော် ဒီလိုမြစ်ကြီး မြင်ပါရဲ့ ဘုရား မသောက်ရဘူးပြောတာ၊ ဒါနဲ့ တပည့်တော် လှဲအိပ်နေလိုက်တယ်။

ဒါဖြင့် ဒကာကြီး ခင်ဗျား ပက်လက်လှန်နေဆိုပြီး ရဟန်းလေးဆယ် မနက်ခြောက်နာရီလောက်က သပိတ်တွေနဲ့ ရေလောင်းကြတာ သူ့ပါးစပ်ကလေးထဲ ၇ နာရီလောက်ရှိတော့ ရဟန်းတွေက ဆွမ်းခံချိန်ရောက်လာတော့ ခင်ဗျား သက်သာရာ ရပလားနည်းနည်း များ စိုပလားတဲ့ ပါးစပ်ထဲပေ့ါလေ (မှန်ပါ့ဘုရား)။

အရှင်ဘုရား၊ ရှင်းရှင်းပဲ တပည့်တော် သစ္စာဆိုပါရစေ၊ အရှင်ဘုရားတို့အခု ရဟန်းလေးဆယ် တစ်နာရီခန့် လောင်းတယ်၊ တပည့်တော် ပါးစပ်ထဲကို ရေလောင်းကြတယ် အပ်ဖျားကလေး လောက်ဝင်လို့ရှိရင် တပည့်တော် ဒီပြိတ္တာဘဝမှ လွတ်ရပါလို၏ ဒီအတိုင်း ပြောတာပဲ . . (မှန်ပါ့) အကျိုးပေးကျတော့ ခံနိုင်ပါ့မလား၊ ကဲ . . . (မခံနိုင်ပါဘုရား)။

အဲဒီတော့ ငရဲ ဘာကိစ္စရှိသတုန်းလို့များ သွားမလုပ်နဲ့ဆို' တာ သဘောပါပလား . . . (ပါ-ပါပြီဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား).

အဲဒါလောက် ဆိုးဝါးပါတယ်၊ အဲဒါ မျိုးစေ့ကလေး မပျောက်လို့ သွားဖြစ်ရတာ . . . (မှန်ပါ့)။

ဦးမြ ငါ, ငါ့ဥစ္စာကလေး မပြုတ်လို့ . . . (မှန်ပါ့) သဘောချကြပလား . . . (ကျပါပြီဘုရား) ဘာတဲ့တုန်း . . . (ငါ,ငါ့ဥစ္စာပြုတ်လို့ပါဘုရား)။

ငါ့, ငါ့ဥစ္စာ မပြတ်တော့ကိုတဲ့ ဒီ. . . အပါယ်ကျသွားတယ်၊ ငါ့ . . . ဘယ်လိုမှတ်လို့တုန်းဆိုတော့ အကုသိုလ် လုပ်ဖြစ်မလား မလုပ်ဖြစ်သေးဘူးလား . . (လုပ်ဖြစ်ပါတယ်ဘုရား)။

ငါ့ ဘယ်လိုအမျိုးအစားမှတ်လို့တုန်း ငါ့-ဘယ်လိုအောက်ကျနောက်ကျ မှတ်လို့တုန်း၊ ငါ့ပစ္စည်းမွဲလူတန်းစား မှတ်လို့လား ကျောမွဲမှတ်လို့လား . . ၊ သူကလာတဲ့ ရန်ဖြစ်တာတွေ (မှန်ပါ့ဘုရား)။

## ရန်ဖြစ်တာ၊ ကြွားတာ-ငရဲမျိုးစေ့

ရန်ဖြစ်တာဟူသ၍ ကြွားတာ-မော်တာဟူသ၍ ဘယ်ကလာတာတုန်း . . . (ဒိဋ္ဌိကလာတာပါဘုရား) ဒီ-ငါကလာတာချည့်ပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့ ဟုတ်-မဟုတ် ဦးမြတို့ ဆုံးဖြတ်ချက်ချစမ်း . . . (ဟုတ်ပါတယ်ဘုရား) ရှင်းကြပလား . . . (မှန်ပါ့)။

ဒါဖြင့် ဒါကလေးကို အခုမြင်စိတ်ကလေးကို ဒကာဒကာမတွေကို ရေးပေးထားတယ် ဘုန်းကြီးက၊ ဒါကလေးရှိ-မရှိ ကြည့်ရုံပါပဲ ဆိုတော့ ဦးမြကြည့်ဖို့ ခက်သလား (မခက်ပါဘုရား)။

နောက်ကနေ ဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့ သူကတော့ မြင်မှာပဲ ရှေးဦးစွာ ဒီ. . . မြင်စိတ်ကလေး ရှိ-မရှိ နောက်ကနေ ကြည့်လိုက်တဲ့အခါကျတော့ မျက်လုံးထဲ ဉာဏ်လှည့်လိုက်တယ်၊ ဝမ်းထဲကဉာဏ်က မျက်လုံးဘက် လှည့်လိုက်တယ်၊ ဘာတွေ့မယ်

ထင်ကြသလဲ . . . (ပျက်သွားပါတယ် ဘုရား) မရှိတာဘဲ တွေ့မယ်၊ ဖြစ်ပျက်သွားတော့ သူ့မှာရှိသေးရဲ့လား . . . (မရှိပါဘုရား) ဒီတော့ မရှိတဲ့ အနိစ္စကလေး သူမမြင်ပေဘူးလား၊ (မြင်ပါတယ်ဘုရား)။

အနိစ္စသည်ကားလို့ဆိုရင် ဖြစ်ပြီးမရှိတာကို ခေါ်တော့ ဩော် . . . ငါမဟုတ်လို့ မရှိဘဲဖြစ်သွားတာပဲ၊ ငါ့ဥစ္စာမဟုတ်လို့ ပျောက်ပျက်သွားတာပဲဆိုတာကလေး ဉာဏ်က အထူးလိုက်ဖို့ လိုသေးသလား . . . (မလိုပါဘုရား) မောင်ဇီဝ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါကလေးဟာ ငါ,ငါ့ဥစ္စာ ဟုတ်နေလို့ရှိရင် ကိုယ့်ခန္ဓာပဲ၊ ကိုယ့်ခန္ဓာ ဖြစ်ခဲ့လို့ရှိရင်ဖြင့် ငါ,ငါ့ဥစ္စာ ဆိုလို့ရမှာပေါ့။ အခုတော့ ရှုရင်းမတ္တနဲ့ပဲ ဦးအောင်ဇံဝေ ပျောက်ထွက်သွားတယ် . . (မှန်ပါ့) ဒါဖြင့် ငါ, ငါ့ဥစ္စာ ဟုတ်မဟုတ် . . . (မဟုတ်ပါဘုရား)။

အဲဒီလို မဟုတ်မှန်းသိသိသွားရင် ဒိဋ္ဌိပြုတ်တာပဲ၊ ငရဲမျိုးစေ့ ပြုတ်တာပဲ . . . (မှန်ပါ့) ဒကာဒကာမတွေ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

မဟုတ်မှန်းသိရင် . . . (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) နောက်က ဒကာဒကာမတွေ (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

မပျော်နဲ့ဆိုသလား ရှေ့နောက်ခွဲဆိုသလား (ရှေ့နောက်ခွဲ ဆိုပါတယ်ဘုရား)။

ကိုယ်လုပ်ဖို့ရာက အရေးကြီးတယ်ဆိုတာ မှတ်ထားရမယ် နော် . . . (မန်ပါ) ဝတ္ထုတွေ အခုကိစ ထတ်မာပါပဲ၊ ရဟန္တာ

ဖြစ်သည့်တိုင်အောင် ထုတ်မှာပဲ၊ ထုတ်ပင်ထုတ်ငြားသော်လဲ ဒါ . . . သူများအလုပ်စဉ်၊ ကိုယ်ကိုယ်တိုင် အံတုခိုးပြီး လုပ်ဖို့ရာကတော့ ရှေ့ပိုင်းမှာ ဆရာသမားပြောတာကို သေသေချာချာ မှတ်ပါ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဥပမာ အခုစိတ်ရှုနေကြတယ်။ ဝေဒနာရှုနေကြတယ်ဆိုတော့ တပည့်တော်တို့ ဘယ်တော့ ဒီရှုတဲ့စခန်းပြီးမှာတုန်းဆိုတဲ့မေးခွန်း လာတယ်နော် . . . (မှန်ပါ့) ဘယ်တော့ပြီးမှာတုန်းလို့ ဦးမြတို့ မေးဖို့ရာ အကြောင်းရှိတယ်နော် . . . (မှန်ပါဘုရား)။

## တစ်ခဏနဲ့ နိဗ္ဗာန်ရနိုင်တဲ့တရား

မေးဖို့ရာ အကြောင်းရှိတော့ ဦးအောင်ဇံဝေကြီးက စိတ္တံ အနိစ္စသည်လို့ ဒီစိတ်ကလေးတစ်ခုကို သြော် . . ဒါကလေးဟာဖြင့် အနိစ္စပဲလို့ တစ်ခါတည်း မှတ်မိအောင် မှတ်ပါတဲ့နော် . . . (မှန်ပါ့)။

ပေါ်လာတဲ့တရားကလေးကို နောက်ကနေ ကြည့်တဲ့အခါကျတော့ ဒါကလေးဟာ စိတ်မဟုတ်ပါဘူး . . ၊ ကိုယ်တွေ့တာဖြင့် အနိစ္စပါပဲလို့ ဆိုလို့ရှိရင် ဒါ . . . မဂ်ဉာဏ်ဖိုလ်ဉာဏ်နီးပြီလို့ အောက်မေ့လိုက် . . . (မှန်ပါ့)။

ဦးမြ စိတ်တွေ့နေရင် မဟုတ်သေးဘူးနော် . . . (မှန်ပါ့) ဘာတွေ့မှတုန်း . . . (အနိစ္စတွေ့မှပါဘုရား) အနိစ္စဆိုတဲ့ အပျက်တွေ့မှလို့ မှတ်ထားစမ်းပါ . . . (မှန်ပါ့)။

**အနိစ္စာနုပဿီတဲ့ အနိစ္စလို့ကို ရှုပြီး အနိစ္စလို့ကို မှတ်ဖြစ်အောင် မှတ်လိုက်စမ်းပါတဲ့ . . .** (မှန်ပါ့)။

ရှေးဦးစွာ အနိစ္စပဲလို့ ရှုပြီးတော့ အနိစ္စပဲလို့၊ ဒီဥစ္စာကလေးကို မှတ်ဖြစ်အောင် မှတ်ပါ၊ စိတ်လို့မှတ်မနေကြနဲ့ ဝေဒနာလို့မှတ်မနေကြနဲ့နော် . . . (မှန်ပါ့) ဒါက တစ်ခဏနဲ့ နိဗ္ဗာန်ရအောင်လို့ ပြောနေတဲ့တရားလို့ သေသေချာချာ မှတ်ကြပါဦးနော် . . . (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးက စိတ်အရှုခိုင်းပြီး စိတ်ပယ်နေပါလိမ့်မလဲလို့ ဦးမြတို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်ဘုရား)။

လိုတယ်နော်၊ လိုတော့ကို ခင်ဗျားတို့ ရှုတဲ့ဉာဏ်ထဲမှာ ရှုတဲ့ဉာဏ်ကလဲ စိတ်ဖြစ်နေသောကြောင့် ပြိုင်နိုင်ပါ့မလား . . . (မပြိုင်နိုင်ပါဘုရား) ရှေ့သွားက ချုပ်မသွား ပေဘူးလား (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ စိတ်တွေ့သလား မရှိတာ တွေ့သလား အမှန်ပြောကြစမ်းပါ (မရှိတာတွေ့ပါတယ်ဘုရား)။

မရှိတာတွေ့ကတည်းက ဦးအောင်ဇံဝေတို့, ဦးမြတို့ လူကြီးတွေက စဉ်းစားတာပေါ့၊ ဩော် . . . စိတ်အရှုခိုင်းပေမယ့် စိတ်မရှိမှုကို သိဖို့ အရေးကြီးတာပါကလားလို့ ဉာဏ်ပြောင်းပစ်ကြပါ . . . (မှန်ပါ့)။

စိတ်မရှိမှုကို (ဉာဏ်ပြောင်းပစ်ရပါတယ်ဘုရား) သိဖို့ အရေးကြီးတယ်ဆိုတာကို အားထုတ်မည့် လူတွေလဲ သေသေချာချာ မှတ်ကြရပါလိမ့်မယ်နော် . . . (မှန်ပါ့)။

---

စိတ်တော့ အရှုခိုင်းတာပဲ၊ နောက်က ဒကာဒကာမတွေက ဘာအရှုခိုင်းပါလိမ့် . . . (စိတ်အရှုခိုင်းပါတယ်ဘုရား)။

## မရှိတာတွေ့မှ အမှန်ရောက်တယ်

စိတ်အရှုခိုင်းပေမယ့် ပထမတွေ့တာက ဥပမာမယ် နားထဲမှာဖြစ်တဲ့စိတ်၊ အဲဒါလာရင် ရှုပါဆိုတော့ ဝမ်းထဲက မနောထဲကနေ ရှုရမှာဖြစ်နေတော့ ဒီစိတ်နဲ့ဒီစိတ်ကလဲ ပြိုင်ဖြစ်ရဲ့လား အရှုခံတဲ့စိတ်နဲ့ ရှုတဲ့စိတ်ကလဲ ပြိုင်ဖြစ်နိုင်ရဲ့လား . . . (မဖြစ်နိုင်ပါဘုရား) မရှိတာကို ထောက်လိုက်တော့ကို သြော် . . . မရှိတာကို ရှုတဲ့ဉာဏ်က တွေ့မှာပဲလို့ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဘာတွေ့မယ်ထင်သတုန်း (မရှိတာတွေ့ပါမယ်ဘုရား) ဒါဖြင့် ဦးအောင်ဇံဝေတို့ ဦးမြတို့ အကဲခတ်စမ်းပါ၊ စိတ်အရှုခိုင်းပြောသော်လဲ တပည့်တော်တို့ ဘာတွေ့မှ အမှန်ရောက်တယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ဘာတွေ့မှတုန်း (မရှိတာတွေ့မှပါဘုရား) မရှိတာတွေ့မှ အမှန်ရောက်တယ်ဆိုတာ ဒီနေ့တရားပွဲမှာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

အားလုံးရှုတဲ့ပုဂ္ဂိုလ်တွေနော် မရှိတာတွေ့ဖို့ အရေးကြီးပါတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

စိတ်ဆယ့်နှစ်မျိုး ပေးထားငြားသော်လဲ ဦးအောင်ဇံဝေတို့ ဘာတွေ့ဖို့ အရေးကြီးသတုန်း (မရှိတာတွေ့ဖို့ အရေးကြီးပါတယ် ဘုရား) ဦးမြကြီး ဘာတွေ့ဖို့ အရေးကြီးသတုန်း (မရှိတာတွေ့ဖို့ အရေးကြီးပါတယ် ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ရှိတာတွေ့နေသေးရင် လိုရင်းလမ်းမှန်သို့ မရောက်သေးဘူးလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဦးမြ ရှိတာတွေ့နေသေးရင် (လမ်းမှန် မရောက်သေးပါဘုရား) ရှိတာတွေ့နေသေးရင် မပြိုင်နိုင်တာ ပြိုင်မဖြစ်နိုင်တာ ပြိုင်ဖြစ်တဲ့ အဓိပ္ပာယ် ရောက်တယ် (မှန်ပါ့) မရောက်ဘူးလား . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဉဒယဗ္ဗယဉာဏ်ဆိုတာ ဘာတုန်းဘုရားလို့ စာဒကတက် မေးကြလို့ရှိရင် ဩော် . . . ဒီနေရာဖြစ်ပြီး ဒီနေရာပျက်သွားသကိုးလို့ ဉာဏ်ရောက်တာကို ဆိုတာပါ . . . (မှန်ပါ့ဘုရား) သူ့ကို တကယ်မြင်လိုက်တာကတော့ မရှိတာသိတာပါဘဲ . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘာတွေ့ကြသတုန်း (မရှိတာတွေ့ကြပါတယ်ဘုရား) မရှိတာ တွေ့တာပါပဲလို့ မှတ်လိုက်စမ်းပါ။

အနိစ္စသည် ဒါ-မရှိတာကလေးဟာ အနိစ္စလို့သာမှတ်လိုက် အနိစ္စာနုပဿီ . . တဲ့ အနိစ္စလို့ပဲ ခင်ဗျားတို့က သိပေး၊ အနိစ္စလို့မှတ် အနိစ္စလို့ သိ-တစ်လုံးတည်းကိုနော် . . . (မှန်ပါ့)။

## အနိစ္စလို့သိ၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ရှု

မောင်အောင်ချိုတို့ . . . မောင်မြင့်တို့က အရေးကြီးတယ်ကွ၊ လုပ်မည့်လူတွေ . . . (မှန်ပါ) အနိစ္စလို့သာ ရှေးဦးစွာ မှတ်လိုက်၊ မရှိတာကလေးဟာ အနိစ္စလို့ပဲမှတ် - အနိစ္စလို့ပဲ မှတ်လိုက်တော့ . . (မှန်ပါ)။

သတတံ . . . တဲ့၊ ဒါကလေးဟာ အမြဲတွေ့ဖို့ အရေးကြီးတယ်ဟေ့ . . . (မှန်ပါ) သတတံ=အမြဲ၊ သမိတံ=မပြတ်တဲ့၊ မပြတ်အောင် တွေ့နေဖို့ အရေးကြီးတယ် . . . တဲ့။

အညေဟိ အသမ္ဘိန္နံ . . တဲ့၊ ဒါကလေး ပြောချင်လို့ ဦးမြဒီစကားစ,လာတယ်နော် . . . (မှန်ပါ)၊ အညေဟိ=တစ်ပါးသော တရားတို့နဲ့၊ အသမ္ဘိန္နံ=မရောဘူးတဲ့၊ ဒီအပျက်ကလေးနဲ့ မင်းတို့ ရှုနေတဲ့ တရားကလေး ကြားထဲမှာ ဘာမှမရောစေနဲ့တဲ့၊ ကြားမခိုစေနဲ့လို့ ဆိုလိုက်ပါတယ် . . . (မှန်ပါ)။

အညေဟိ=တစ်ပါးသော တရားတို့နှင့်၊ အသမ္ဘိန္နံ=မရောစေနဲ့ . . . တဲ့၊ အနိစ္စလို့သိ . . . အနိစ္စလို့မှတ် . . . အနိစ္စလို့ ရှုနေတဲ့အထဲမှာ တစ်ပါးသော တရားကလေး မောင်မြင့် ကြားမဝင်စေနဲ့တဲ့နော် . . . (မှန်ပါ)။

တစ်ပါးသောတရားဆိုတာ လောဘကလေး ကြားမဝင်စေနဲ့၊ ဒေါသကလေး ကြားမဝင်စေနဲ့၊ တခြားသော စိတ်ကလေး ကြားမဝင်စေနဲ့ဆိုတာ ဦးအောင်ဖဲဝေတို့က မှတ်မိပလား . . . (မှတ်မိပါပြီဘုရား)။

သတတံ=အမြဲ၊ သမိတံ=မပြတ်၊ အသမ္ဘိန္နံ=တစ်ပါးသော စိတ်နှင့် မရောမှု၍ (ဝါ) တစ်ပါးသောစိတ်မခြားမှု၍တဲ့၊ စေတသာ အဓိမုစ္စမာနော . . . တဲ့၊ စေတသာ-ခင်ဗျားတို့ရှုတဲ့ စိတ်နဲ့ . . . အဓိမုစ္စမာနော=နှလုံးသွင်းလျက်၊ ဒါကလေးပဲ ဒါ. . . အနိစ္စမှတစ်ပါး ဘာမှမဟုတ်ဘူး၊ အနိစ္စအစစ်ပဲလို့သာ နှလုံးသွင်းနေပါတဲ့ ပေါ်တိုင်း,ပေါ်တိုင်း ကြားလဲ မခြားစေနဲ့. . . (မှန်ပါ့)။

## ဘယ်တော့မဂ်ရမှာတုံး

ဒီလိုဆိုလို့ရှိရင်ဖြင့် ပညာယပရိယောဂါဟမာနော. . . တဲ့၊ ပညာကလေးနဲ့လဲ ဟုတ်သားပဲ၊ မရှိတာကလေး တွေ့လိုက်တာဘဲ၊ စိတ်အရှုခိုင်းတာ၊ ဘုန်းကြီးကတော့ စိတ်အရှုခိုင်းတာ၊ ဘုရားကလဲ စိတ္တာနုပဿနာလို့ ဟောတော်မူတယ်၊ ကိုယ်ရှုတော့ မရှိတာဘဲတွေ့ တယ်လို့ ရှုတဲ့ပုဂ္ဂိုလ်တွေက ဒီအတိုင်းတွေ့ကြလို့ရှိရင်ဖြင့် ဦးအောင် ဇံဝေ နည်းလမ်းမှန်ကျပြီလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား) နည်းမှန်လမ်းမှန်ကျပြီလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ (မှန်ပါ့)။

ဒီလိုများရှုရင် ဘုရားတပည့်တော်တို့ ဘယ်တော့ အပါယ် လေးပါး တံခါးပိတ်တဲ့ သောတာပတ္တိမဂ်ရမှာတုန်း ဆိုတဲ့ မေးခွန်း ထုတ်လို့ရှိရင်ဖြင့် 'ဒိဋ္ဌေဝ ဓမ္မေ' တဲ့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဒီပါဠိ ဆက်လာတာပဲ၊ အခုကို ရပါတယ်ကွတဲ့၊ တစ်ပါးသော တရားသာ ကြားမခိုစေနဲ့။

ဦးမြကြီး ဘာတဲ့တုန်း (အခုကို ရပါတယ်ဘုရား) အခုရတယ် ဘယ်သူမခိုမှတုန်း (တစ်ပါးသောတရား ကြားမခိုမှပါဘုရား) အနိစ္စနဲ့ ရှုတဲ့ဉာဏ်နဲ့ ကြားထဲမှာ မောင်မြင့် တစ်ပါးသောတရား ကြားမခိုစေနဲ့တဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) မောင်အောင်ချိကော . . . (ရိပ်မိပါပြီဘုရား)။

ဝင်ရင် ကြာမှာစိုးလို့ ဘုရားက . . . (မှန်ပါ့) ဦးမြကြီး ကြားခိုရင် . . . (ကြာမှာ စိုးလို့ပါဘုရား)။

ကြာမှာစိုးလို့ဆိုတော့ "ပညာယပရိယောဂါဟမာနော" (မှန်ပါ့) "ယောအာသဝနံ ခယာ" ကွတဲ့၊ အိုဒီပုဂ္ဂိုလ်ဟာ အာသဝကုန်ပါတယ်တဲ့ဆိုတော့ ဒိဋ္ဌာသဝ အရင်ကုန်မှာပဲ သဘောကျပလား . . . (ကျပါပြီဘုရား)။

"ဒိဋ္ဌေဝဓမ္မေ" တဲ့ ငါဘုရားကွာတဲ့ သဗ္ဗညုတဉာဏ်နဲ့ အမှန်အစစ်ကို ပြောနေပါတယ်၊ ဒိဋ္ဌဓမ္မရမှာပါ၊ မင်းတို့ ဘာမှ သံသယမရှိပါနဲ့၊ ဧကန်တကယ်ကိုရမှာ အခုပဲ ရမှာပါပဲလို့ ရဲဝံ့စွာ ဘုရားတာဝန်ခံတာ ဒီပါဠိတော်ပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီပါဠိတော်မှာ အခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေ အရေးအကြီးဆုံး အချက်ကို ဘုန်းကြီးပြောရလို့ရှိရင် ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဖို့ရာဟာ ဦးမြ အရေးအကြီးဆုံးပဲ . . . (မှန်ပါ့) ကြားထဲမှာ ခြားဖို့ လိုသေးသလား မလိုဘူးလား . . . (မလိုပါဘုရား) မခြားရင် ဒီတစ်နာရီအတွင်းမှာပဲ ဦးအောင်ဇံဝေ ရနိုင်တယ် . . . (မှန်ပါ့ဘုရား)။

## ကြားခြားလို့ကြာနေတာ

ခင်ဗျားတို့ ကြာနေတယ်ဆိုတဲ့ ဥစ္စာက ဖြစ်ပျက်နဲ့မဂ်နဲ့ဟာ အနိစ္စနဲ့ မဂ္ဂနဲ့ဟာ ကိုက်တဲ့အခါလဲ ကိုက်တယ်၊ မကိုက်တဲ့အခါလဲ တခြားသောစိတ်က ကြားဝင်ခိုနေတယ်၊ ရှုတဲ့ဉာဏ်က နောက်ကျနေတယ် . . . (မှန်ပါ့) အဲဒီလိုဆိုလို့ရှိရင် တာဝန်မခံနိုင်ဘူး၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာနော် . . . (မှန်ပါ့) သဘောကျကြပလား . . . (ကျပါပြီဘုရား)။

ဒီနေ့ ထိုင်လို့မကောင်းပါဘူးဘုရားဆိုတဲ့ဥစ္စာ ဦးမြ ရိပ်မိပလား . . . (ရိပ်မိပါပြီ) ကိလေသာကြားခိုတာ . . . (မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဘာတဲ့တုန်း (ကြားခိုတာပါဘုရား) ကြားခိုတာ ဘယ်သူတုန်း ကိလေသာပေါ့ဗျာ (မှန်ပါ့) လောဘခို, ဒေါသခို, မောဟခို, တနည်းအားဖြင့်လဲ ခင်ဗျားတို့ ဣဿာခို, မစ္ဆရိယခို, မာနခို, သောကခို, ပရိဒေဝတွေခိုလို့ရှိရင်လဲ ဒါဒီနေ့တော့ ဒိဋ္ဌာသဝဟာ ကျန်နေမှာပဲ၊ ဦးမြ မကျန်ပေဘူးလား . . . (ကျန်ပါတယ်ဘုရား)။

## အနိစ္စနဲ့ မဂ္ဂနဲ့ကိုက်ဖို့အရေးကြီးတယ်

ဒါဖြင့် ကျကျနနမှတ်စမ်းပါတဲ့၊ ရီကော်တာထဲမှာလဲ ဒါ ဘယ်ရောက်ရောက် သိရအောင်လို့၊ အနိစ္စနဲ့ မဂ္ဂနဲ့ကိုက်ဖို့ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား)။

ဘာတဲ့တုန်း . . . (အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်ဖို့ အရေးကြီးပါတယ်ဘုရား) အနိစ္စဆိုတာက ရှေ့ကပျောက်ပျက်သွားတာ၊ (မှန်ပါ့) မဂ္ဂဆိုတာက ပျောက်ပျက်တယ်လို့ သိလိုက်တာ . . . (မှန်ပါ့ဘုရား)။

ပျောက်ပျက်သွားပြီဟေ့ . . . ပျောက်ပျက်သွားပြီဟေ့ . . လို့ သိလိုက်တာက ဘာပါလိမ့် . . . (မဂ္ဂပါဘုရား) ပျောက်ပျက်သွားတာက . . . (အနိစ္စပါဘုရား)။

အဲ ပျောက်ပျက်သွားတာက အနိစ္စ၊ ပျောက်ပျက်သွားပြီလို့ သိလိုက်တာက . . . (မဂ္ဂပါဘုရား) ဆိုတော့ ဟိုက ပျောက်ပျက်တာနဲ့ ဒီသိတာနဲ့ ကြားထဲမှာ ဘာမှမရောလို့ရှိရင် တစ်နာရီအတွင်းပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်ပါတယ်. . . (မှန်ပါ့ဘုရား) ဒီလိုချည့်ဆက်သွားပါ . . . (မှန်ပါ့ဘုရား)။

"သတတံ သမိတံ" သတတံ=အမြဲ၊ သမိတံ=မပြတ်၊ အဗ္ဗောကိဏ္ဏံ=တစ်ပါးသောတရားမရောမူ၍၊ အဉ္ဈေဟိအသမ္ဘိသံလို့ အဋ္ဌကထာဆရာ ဖွင့်သောကြောင့် တစ်ပါးသော စိတ်မရောဘဲနဲ့ ခင်ဗျားတို့ ကြိုးစားကြမယ်ဆိုရင်တဲ့ တစ်နာရီအတွင်းဖြင့် အရောကို မခံဘူးကွ၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ မျက်လုံးက ဖြစ်ပျက်လာလဲ ဖြစ်ပျက်နဲ့ ဉာဏ်မဂ်နဲ့ ကိုက်အောင်လုပ်မယ်၊ အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်အောင်လုပ်မယ်၊ နားဝေါ်လို့ရှိရင်လဲ နားကဟာနဲ့ မဂ္ဂနဲ့ ကိုက်အောင်လုပ်ရမယ်၊ ရှူစိတ်နဲ့ ရှိုက်စိတ်ကို ရှုနေလို့ရှိရင်လဲ ရှူစိတ်,ရှိုက်စိတ်

အပျက်နဲ့မင်္ဂနဲ့ ကိုက်အောင်လုပ်မယ်ဆိုရင် ဦးအောင်ဇံဝေ ဒီ တစ်နာရီ အတွင်းမှာ ခင်ဗျားတို့ အဓိဋ္ဌာန်လုပ်ကြည့်ပါ၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် အညေဟိအသမ္ဘိဿံ တစ်ပါး သောတရား မရောလို့ရှိရင် ဒိဋ္ဌေဝဓမ္မေတဲ့ အခုခဏချင်းပဲ ရမယ် ကွတဲ့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . ဒါဖြင့် ဆရာကောင်း, သမားကောင်း မတွေ့ တဲ့ပုဂ္ဂိုလ်များ ဖြေးဖြေးရမှာပဲဆိုတဲ့ အသွားဟာ အတော်မှားတယ်၊ ဒီပါဠိတော်တွေ မတွေ့လို့ ဖြစ်နေတာ . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ဩော် . . . အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်လို့ရှိရင်ဖြင့် သောမာတို့စတဲ့ အမျိုးသမီးတွေဟာ အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်တာဟာ နဂိုရ်ကလဲ ဆရာသမားဆီ နည်းယူထားပြီး အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်သွားတော့ မီးဖိုချောင်ထဲမှာ ဟင်းရွက်တွေ ဘာတွေ ကြော်ရင်း ခပ်ရင်းနဲ့တောင် ဦးမြ ရသွားတယ် . . . (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ရပါလိမ့် . . . (အနိစ္စနဲ့ မဂ္ဂကိုက်လို့ပါဘုရား) ကြားကိလေသာ မခြားလို့၊ (မှန်ပါ့) ဦးအောင်ဇံဝေတို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် 'သောအာသဝါနံ-ခယာ၊ သော=ထိုအနိစ္စနဲ့ မဂ္ဂနဲ့ မပြတ်ကိုက်သွားသော ပုဂ္ဂိုလ်သည်၊ အာသဝါနံ=အာသဝ ကို၏၊ ခယာ=ကုန်ခြင်းကြောင့်၊ ဒိဋ္ဌေဝဓမ္မေ=ယခုခဏ၌ဆိုတော

မောင်အောင်ချိတို့, မောင်မြင့်တို့က ဩော် . . . တို့ . . . နက်ဖြန် ဒါ-ကိုက်အောင်, ည ဒါကိုက်အောင် လုပ်မယ်ဆိုရင် သိပ်အဖို တန်သွားမှာပဲ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဦးမြကတော ဒါကိုက်အောင် လုပ်ရမယ် . . (မှန်ပါ့) ဒ် . . . ကိုက်အောင်လုပ်ရမယ်၊ ဦးအောင်ဇံဝေ . . (မှန်ပါ့) ဘာလုပ် ရမတုန်း၊ (ကိုက်အောင်လုပ်ရပါမယ်ဘုရား) အနိစ္စနဲ့ မဂ်နဲ့ကိုက် အောင် လုပ်ရမယ် . . . (မှန်ပါ့) ကြားထဲမှာ (ကိလေသာ ကြားမခို ရပါဘုရား)။

ကြားမခိုရအောင် အထူးဂရုစိုက်ပေး . . . (မှန်ပါ့) ဒါ . . . အလုပ်သက်မရှည်ရအောင်ပေါ့ဗျာ . . . (မှန်ပါ့) နို့မဟုတ် လို့ရှိရင်ဖြင့် အလုပ်သက်တွေ ရှည်နေလို့ရှိရင်လဲ ခင်ဗျားတို့မှာ နစ်နာသွားပါလိမ့်မယ်ဆိုတဲ့ဥစ္စာ မှတ်လိုက်ပါ . . . (မှန်ပါ့)။

အလုပ်သက်ရှည်သွားတော့ ဘာဖြစ်လို့ နစ်နာမှာတုန်းလို့ မေးတော့ ဒကာဒကာမတွေ ခန္ဓာကိုယ်ကြီးက စိတ်မချရဘူး (မှန်ပါ့)။

ဦးမြခန္ဓာကိုယ်က ဘာတဲ့ (စိတ်မချရပါဘုရား) ဘယ်စိတ် ချရမတုန်း . . . တဲ့၊ သူသည် ပဋိသန္ဓေနေပြီးတဲ့နေ့ကစ, ပြီးသကာ လ သင်းချိုင်းပြေးနေတာ ရပ်မှမရပ်ဘဲ . . . (မှန်ပါ့) ရပ်ကဲ့လား . . . (မရပ်ပါဘုရား)။

ဘယ်ပြေးနေသလဲ . . . (သင်းချိုင်းပြေးနေပါတယ်ဘုရား) သင်းချိုင်းပြေးနေတယ် . . . ၊ ရပ်မှ မရပ်ဘဲလို့ ခင်ဗျားတို့က

တကယ်တမ်းသိပြီဆိုမှဖြင့် သူ သင်းချိုင်းရောက်သွားလို့ ရှိရင်ဖြင့် ဒီတစ်ခါတွင် သေမှာမဟုတ်ဘူး၊ အဖန်ဖန်သေမည့် ကိစ္စတွေ အများကြီးရှိနေတယ်ဆိုပြီးသကာလ ဒီ ဒကာဒကာမက အင်း . . . သူ သင်းချိုင်းမရောက်ခင် ကိုယ့်အနိစ္စနဲ့ မဂ္ဂကိုက်ပြီး အပါယ်လေးပါး တံခါးပိတ်တဲ့ ဒိဋ္ဌိပြုတ်အောင် လုပ်လိုက်မယ်၊ မဂ္ဂနဲ့ ကိုက်သွားရင် ဒိဋ္ဌိပြုတ်သွားတာ . . . (မှန်ပါ့) အဲ . . ဒိဋ္ဌိပြုတ်လိုက်လို့ ရှိရင်ဖြင့် အသေက မဦးခင် မင်္ဂဉာဏ်ကဦးသွားတယ်လို့ ဒကာဒကာမတွေက ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမလဲ (အသေကမဦးခင် မဂ်ဉာဏ်ကဦးသွားပါတယ် ဘုရား) မဂ်ဉာဏ်က ဦးသွားတယ်ဆိုတော့ ကိုယ်လိုချင်တဲ့ ပန်းတိုင် ရောက်ပလား . . . (ရောက်ပါပြီဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒကာဒကာမတွေ ခင်ဗျားတို့ တိုက်လဲတိုက်တွန်းရတယ် ဦးအောင်ဇံဝေရ တရားလဲဟောရသေးတယ်၊ လွယ်တာမဟုတ်ဘူး . . . (မှန်ပါ့)။

တိုက်တွန်းရတာလဲ နောက်ကတစ်ခါ တွန်းပေးနေရသေးတယ် (မှန်ပါ့) ဟာ . . . လုပ်ပါဟာ၊ ဟာ. . . လုပ်ပါဟာဆိုတာလဲ တွန်းလဲပေးရသေးတယ်၊ လုပ်နည်းလဲ ပေးရသေးတယ်ဆိုတော့ တရားဟောတဲ့ ဘုန်းကြီးက မလွယ်ဘူး၊ လွယ်ပါ့မလား . . . (မလွယ်ပါဘုရား)။

ဒီတွန်းမပေးပြန်လို့ရှိရင်လဲ သူတို့ကမရွှေ့ဘူး လုပ်နည်း မပေးပြန်လို့ရှိရင်လဲ မလုပ်တတ်ဘူးဆိုတော့ ခက်လိုက်တာ ရွှေ့ဖို့ ရာကတစ်မျိုး လုပ်တတ်ဖို့ရာက တစ်မျိုးဆိုတော့ အတော်ကလေး ကိုလဲ အရေးကြီးတယ်၊ တရားဟောတဲ့ ဘုန်းကြီးက ဒီတရား ဟောတတ်ရုံနဲ့ ဦးမြဲ မပြီးသေးဘူးဗျ. . . (မှန်ပါ့) တိုက်တွန်းနည်း ကိုလဲ ပြောဦးမှ . . . (မှန်ပါ့)။

တိုက်တွန်းတဲ့ အခါလဲ ဘာ့ကြောင့်တွန်းရတယ်ဆိုတဲ့ အကြောင်းကိုလဲ လုံလောက်အောင် ပြောဦးမှ . . . (မှန်ပါ့)။

အခုတော့ ပြောပြီးပါပြီတဲ့၊ အသေက ခန္ဓာကိုယ်ကြီးက အသေဆီ သွားနေတော့ အသေက ဦးပြီးသွားလို့ ဉာဏ်က အပါယ် လေးပါးတံခါးပိတ်တဲ့ အနိစ္စနဲ့ မဂ္ဂနဲ့ကိုက်တဲ့ မဂ်ဉာဏ်ကလေး မ လိုက်ဘဲနဲ့ ဆိုလို့ရှိရင်ဖြင့် နောက် ဒီဆရာနဲ့လဲ မတွေ့ ဒီ-သာသန တော်နဲ့လဲမတွေ့၊ သွားပြီဗျ . . . (မှန်ပါ့) ဘယ်လိုကယ်မတုန်း ကယ်စရာအကွက် မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

## အသေကဦးသွားရင်

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကွာ. . . တဲ့ ကျောက်ခဲရေကျဖြစ်သွားပြီတဲ့. . . (မှန်ပါ့) ကျောက်ခဲရေ ကျတော့ ဘာဘူပေါ်သေးရဲ့လား (မပေါ်ပါဘုရား)။

အဲ့ဒီလိုဖြစ်သွားမယ်တဲ့ အသေကဦးလို့ ဉာဏ်ကမဦးရ ကျောက်ခဲ ရေကျဖြစ်သွားမယ်၊ အောက်သံသရာသာ လှည်

နေတော့မှာကိုး . . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘာတဲ့တုန်း (အောက်သံသရာသာ လှည့်နေမှာပါဘုရား) အောက်သံသရာပဲ လှည့်နေတော့မယ်ဆိုတော့ ဘုရားမှန်းလဲ မသိဘူး၊ ဦးမြ, ဦးအောင်ဖံဝေတို့ ဒီလိုလှည့်နေလို့ရှိရင် ကမ္ဘသကတ ဉာဏ်တောင် ရှိသေးရဲ့လား မေးလိုက်တယ် . . . (မရှိပါဘုရား)။

ကမ္ဘသကတ ဉာဏ်မရှိတော့ ဒိဋ္ဌိပြင်ဉာဏ်ဆိုတာ ဘယ့်နှယ် နေတော့မလဲ. . . (ဒိဋ္ဌိပြင်ဉာဏ်လဲ မရပါဘုရား) ဒိဋ္ဌိပြင်ဉာဏ်လဲ လုံးဝမရနိုင်ဘူးဆိုတော့ သံသရာသစ်ငုတ်ဖြစ်တယ်၊ ဘယ်ဘုရားလာလာ သစ်ငုတ်ပဲတဲ့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သစ်ငုတ်ဆိုတာက သူ့နား ဘုရားရောက်လို့ကော သူသိရဲ့လား . . . (မသိပါဘုရား) သူများခုတ်တိုက်သွားလို့ သူသိရဲ့လား . . . (မသိပါဘုရား) သူများ မီးရှို့တော့ကော . . . (မသိပါဘုရား)။

အဲ မင်းတို့ဒီတစ်ခါ ကျော်သွားလို့ရှိရင်တဲ့ သံသရာသစ်ငုတ်ဖြစ်မယ်ဆိုတာ ဧကန်မှတ်ပါ . . . (မှန်ပါ့)။

ဘာဘူ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား) သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာ နောက်က ဒကာဒကာမတွေ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အမြင်ကလေးနဲ့ လောက်ဖြင့် ကိုယ့်ဟာကိုယ် ဘာမှ အသုံးမကျသေးဘူးဆိုတာကို ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အမြင်ကလေးကလဲ စီးပွားရေးကလေးက မလုံလောက်သေးလို့ ဆိုတဲ့ အမြင်ကလေးပေါ့ဗျာ . . . (မှန်ပါ့)။

သားသမီးကလေးတွေက စိတ်မချလောက်သေးလို့ ဆိုတဲ့ အမြင်တိုကလေးတွေဟာ သံသရာ့သစ်ငုတ်ကို စိတ်ကူးတဲ့အလုပ်ပဲလို့ ဆုံးဖြတ်ချက်ချရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

အဲဒါကြောင့် ကြပ်ကြပ်သတိထား ဒကာဒကာမတွေ သံသရာ့သစ်ငုတ်တို ဖြစ်သွားလို့ရှိရင်ဖြင့် သွားပြီ . . . တဲ့၊ ဘယ်မှာ ဘုရားပွင့်လဲ သူက ငရဲနေတာပဲ၊ သံသရာ့ သစ်ငုတ်ကိုးဗျ (မှန်ပါ့ဘုရား)။

## တိရစ္ဆာန်ဆိုတာ

ဘုရားပွင့်လဲ သူကတိရစ္ဆာန်ဘုံဖြစ်ချင်ဖြစ်နေတာ၊ ဘုရာက သူ့ဟာသူ ပွင့်နေတာဗျ၊ သူက တိရစ္ဆာန်ဖြစ်နေတာ၊ ဦးအောင်ဇံဝေရဲ့ ဘာဆိုင်သေးသတုန်း၊ (ဘာမှ မဆိုင်ပါဘုရား) ဘာမှ မဆိုင်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ကောင်းပြီ . . . တိရစ္ဆာန်ဆိုတာက နေမကောင်းလဲ ကိုယ့်ဟာကိုယ် မြေကြီးပေါ် လူးပြီး သေလိုက်ရုံပဲရှိတယ်၊ ဘယ်သူ ဆေးပေးလို့၊ ဘယ်သူက ကူညီလို့၊ ဘယ်သူက ထူပေးမတုန်း . . .

ဦးအောင်ဇံဝေ . . . (မရှိပါဘုရား) သေပွဲဝင်ရုံမှတစ်ပါး ဘာရှိသေးသတုန်း . . . (ဘာမှမရှိပါဘုရား)။

ကဲ . . . သေပွဲဝင်တာ သေပေစေတော့၊ သေတော့ ဘယ်စိတ်နဲ့ သေသတုန်းလို့ မေးတဲ့အခါကျတော့ သူ့ခန္ဓာကြီး မစွန့်ချင်တဲ့တဏှာ, ဒိဋ္ဌိနဲ့သေသွားတယ်၊ အပါယ်ပဲ ပြန်ရောက်တယ် . . .၊ တိရစ္ဆာန်ကနေပြီး အပါယ်ငရဲပြန်ရောက်သွားတယ်၊ မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဦးမြကြီးတို့, ဦးအောင်ဇံဝေတို့ အသက်အတိုင်းနေရင် မှီရုံကလေးရှိတာ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုမလဲ (မှီရုံကလေးရှိပါတယ်ဘုရား) မှီရုံကလေးရှိတယ်ဆိုတာ နောက်က ဒကာဒကာမတွေကော သေချာကြပလား . . (သေချာပါပြီဘုရား)။

ခင်ဗျားတို့ လဲမည့်ဆင်ခြေများ မသုံးလိုက်ကြစမ်းပါနဲ့ဆိုတာကို သေသေချာချာ သတိပေးပါတယ် . . . (မှန်ပါ့) ခင်ဗျားတို့ လဲတဲ့ ဆင်ခြေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကြာလေ, အရုပ်ဆိုးလေပဲ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် မနေ့ကတရား ပြန်စ, ကြပါစို့၊ ဒါက တိုက်တွန်းပြီး လုပ်နည်းပြတယ်လို့ မှတ်လိုက်တာပေါ့ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် . . . ဒကာဒကာမတို့ ဇီးတောကျောင်းမှာ နေတဲ့ ရှင်ခေမက, က အနာဂါမ်တည်ပြီးသားပါ၊ ကောသမ္ဗီပြည်မှာ နေတဲ့ ရဟန်းပေါင်း ခြောက်ဆယ်ဟာ ပုထုဇဉ်ရဟန်းတွေပါ။

ရှင်ခေမက,က တရားဟောနာမည်ရဖြစ်သောကြောင့် သူဟောရင် ကျွတ်တမ်းဝင်တာချည့် များသောကြောင့် ရှင်ခေမကရဲ့ တရားကိုလဲ ရဟန်းကြီးခြောက်ဆယ်က နာချင်တယ်၊ နာချင်ပင် နာချင်ငြားသော်လဲ မမာဘူးဆိုတာလဲ သတင်းကြားတော့ ဦးအောင်ဇံဝေပင့်ဖို့ရာလဲ ခဲယဉ်းတယ် . . . (ခဲယဉ်းပါတယ်ဘုရား)။

သူတို့ ကိုယ်တိုင်သွားပြီး နာမည်ဆိုပြန်တော့လဲ ဇီးတောကျောင်းဆိုတာ တစ်ခန်းကျောင်းကလေး ဖြစ်နေတော့ နေစရာ, ထိုင်စရာ မရှိဘူး (မှန်ပါ့) သဘောပါပလား (ပါ,ပါပြီဘုရား)။

ပင့်ရမှာက ရှင်ခေမက,က ဘာဖြစ်နေသလဲ (နေမကောင်းပါဘုရား) သွားရမှာက သူ့ကျောင်းက ဆန့်ရဲ့လား . . . (မဆန့်ပါဘုရား)။

အဲဒါကြောင့် ရဟန်းကြီးခြောက်ဆယ်က ဒါသက သွားချေစမ်းကွာ ရှင်ခေမက, ဆီကို၊ တို့တရားနာချင်တယ်၊ နေကောင်းသလား မကောင်းသလားလို့ သွားမေးချေလို့ ပထမ ဝန်ပါတ်အခေါက် ခိုင်းလိုက်ပါတယ် . . (မှန်ပါ့)။

ဒါနဲ့ ဒါသကဆိုတဲ့ ရဟန်းက သွားလိုက်တယ်၊ ရဟန်းကြီးခြောက်ဆယ်က အမေးလွှတ်လိုက်ပါတယ်ဘုရား၊ အရှင်ဘုရားနေကောင်းသလား မကောင်းဘူးလားလို့ ဟာ သိပ်နေမကောင်းသေးဘူးကွာ ရဟန်းကြီးခြောက်ဆယ်ကို လျှောက်ပါဆိုလို့ ပြန်သွားတယ်။

အဲဒီတွင် တစ်ခေါက်ပြန်ပြီးတော့ မေးတယ်၊ နေမကောင်းတာသည်ကား ငါကနေမကောင်းတာလား သူကနေမကောင်းတာလားသွားကာ မေးချေပါဦးဆိုတဲ့ သဘောနဲ့ အမေးခိုင်းလိုက်တဲ့အခါကျတော့ အရှင်ဘုရား နေမကောင်းတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ငါ,ငါ့ဥစ္စာ ရုပ်နာမ်ပေါ်များ ထားသေးသလား. . . တဲ့၊ နေမကောင်းတာကို တချို့က ငါနာတယ်, သူနာတယ်က ရှိသေးတာကိုးဗျ . . . (မှန်ပ့ါ)။

အရှင်ဘုရား၊ ငါ,ငါ့ဥစ္စာရယ်လို့ ခန္ဓာပေါ်များထားသေးသလားလို့ မေးလိုက်တယ်၊ အို. . . ငါ,ငါ့ဥစ္စာတော့ မထားပါဘူးကွာ. . . တဲ့. . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ သွားပြောချေကွာ ရဟန်းကြီး ခြောက်ဆယ်ကို ငါ,ငါ့ဥစ္စာတော့ ပြုတ်ပြီးသားပါလို့ သွားလျှောက်ချေကွဆိုတော့ သူသောတာပန်တည်ပြီးပြီ၊ သကဒါဂါမ်တည်ပြီးပြီ၊ အနာဂါမ်တည်ပြီးပြီလို့ ပြောလိုက်တာပဲ . . . (မှန်ပ့ါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ငါ,ငါ့ဥစ္စာ ပြုတ်လို့ရှိရင် သောတာပန်တည်တယ်လို့ မောင်မြင့်တို့, မောင်အောင်ချီတို့ ဆုံးဖြတ်ချက်ချကွာ . . (မှန်ပ့ါဘုရား)။

ငါ,ငါ့ဥစ္စာပြုတ်သွားရင် သောတာပန်တည်ပြီလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပ့ါ)။

ရှေ့တွင် ပျက်တာကတေလး မြင်ပြီး ရှေ့တွင် ပျောက်တာကလေးသာ မြင်ပေ့စေ၊ ဩော် . . . ဒီဥစ္စာကလေး ငါ,ငါ့ဥစ္စာ

မဟုတ်တာ အသေအချာပဲ၊ ငါ့စိတ်လို့သာ ထင်နေရတယ် သူများ ကတော့ ငါ့စိတ်ကို ငါမြင်တယ်လို့ ထင်တယ်၊ ဒီမြင်တဲ့ စိတ်ကလေး ကိုပဲ ငါမြင်တယ်လို့ ထင်တဲ့ဥစ္စာကလေးကိုပဲ ကြည့်လိုက်တဲ့ အခါ ကျတော့ ဖြစ်ပေါ်ပြီး ပျောက်ထွက်သွားတော့ကို တားလို့ ဆီးလို့ ရကြရဲ့လား . . . (မရပါဘုရား)။

မရတာထောက်လိုက်တော့ကို ဒါ. . . ငါ,ငါ့ဥစ္စာလို့ ဆိုကြ မလား . . . (မဆိုနိုင်ပါဘုရား)။

အဲ့ဒီလို တစ်ခါ စိတ်ကလေးတစ်ခု ငါ, ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ,ငါ့ဥစ္စာ မဟုတ်ဘူး ဒါကလေးဟာ ဒကာဒကာမတွေက စိုက်ပြီး သကာလ ပေါ်လာတဲ့စိတ်ကလေး ငါ,ငါ့ဥစ္စာ မဟုတ်ဘူး၊ အနိစ္စ ကလေး သက်သက်ပဲ၊ ဒုက္ခကလေး သက်သက်ပဲ၊ အနတ္တကလေး သက်သက်ပဲလို့ ကိလေသာ မခြားဘဲနဲ့ မြင်နေအောင်သာ ကြည့်နေ စမ်းပါ၊ ငါ,ငါ့ဥစ္စာဖျပ်ဆို ပြုတ်လိုက်ရင် အပါယ်လေးပါး တံခါး ပိတ်သွားတာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါ-ရှုရင်းပြုတ်ရမှာနော် ဒီအတိုင်းပြုတ်လို့တော့ မရဘူးနော် . . . (မှန်ပါ့)။

အဲ-စာသမားပြုတ်နဲ့ ဦးမြရပ့ါမလား . . . (မရပါဘုရား) မရဘူးတဲ့၊ ပွားများပြီး ပြုတ်မှဆိုတာ မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (ပွားများပြီးပြုတ်မှ ရပါမယ်ဘုရား)။

အေး ပွားများပြီးပြုတ်ရမယ်၊ ပွားများပြီး ပြုတ်တာတောင် မှ သစ္စာသိပြီး ပြုတ်မှတဲ့ . . . (မှန်ပ့ါ)။

ဒါကလေးဟာ ပျောက်ပျက်သွားတာ အနိစ္စဒုက္ခသစ္စာပဲဟ (မှန်ပ့ါ) အနိစ္စလဲဟုတ်တယ်၊ ဒုက္ခသစ္စာကော . . . (ဟုတ်ပါတယ် ဘုရား)။

အဲဒီလို ဉာဏ်ထဲမှာ ရှင်းသွားအောင် ပြုတ်လိုက်လို့ရှိရင် တော့ဖြင့် အပါယ်လေးပါး တံခါးပိတ်ပြီ။

ဒါကြောင့် မနေ့က ပြောသလိုပဲ ဒီလိုပြုတ်ပြီးလဲ ပုဂ္ဂိုလ်မှ ပျော်မှု, သားသမီးများ လုပ်ကျွေးမှုထားပါဆိုတဲ့ဥစ္စာ ပြောရတယ် နော် . . . (မှန်ပ့ါ) ကိုယ့်အတွက် စိတ်ချရပြီးတော့မှ သူများအတွက် လုပ်တာပေါ့ . . . (မှန်ပ့ါ) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ် ဘုရား)။

အခုတော့ ကိုယ့်အတွက်လဲ စိတ်မချရသေးဘူး၊ သူများ အတွက် လုပ်နေသေးတယ်ဆိုတော့ ကိုယ့်လဲ အနာမပျောက် သေးဘူး၊ သူများအနာလဲ ကုချင်သေးတယ်ဆိုတော့ ယုံကြည်စရာ ကော ရှိရဲ့လား . . . (မရှိပါဘုရား) အလကားဆေးသမားနဲ့ တူ နေတယ်နော် . . . (မှန်ပ့ါ)။

ကဲ . . . ဒါဖြင့် ရှင်းလောက်ပါပြီတဲ့၊ ဒါနဲ့ ရှင်ခေမက,က ပြောလိုက်တာနဲ့ ငါ,ငါ့ဥစ္စာတော့ မဟုတ်ပါဘူးလို့ ပြောလိုက်တာနဲ့ ဒါသက ပြန်ပြီးတော့ ရဟန်းကြီးတွေ ပြောတဲ့အခါ အရှင်ဘုရား တဲ့ နာတော့နာတာပဲ, ကျင်တော့ ကျင်တာပဲ ခန္ဓာကိုယ် ဖျားတာ

နာတာတော့ ဟုတ်ပါရဲ့၊ သို့သော်လဲ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ငါ,ငါ့ဉစ္စာ အဖြစ်တော့ဖြင့် မစွဲပါဘူးလို့ လျှောက်လိုက်ပါတယ်ဘုရား။

ဒါသက လာဦးကွာတဲ့ ရဟန်းကြီးတွေက၊ သွားမေးချေဦး ကွာ၊ ငါ,ငါ့ဉစ္စာမဟုတ်လို့ရှိရင် အရှင်ဘုရား ရဟန္တာလားလို့ သွားမေးချေဦးတဲ့ ခိုင်းပြန်ပြီနော် (မှန်ပါ့) ဦးအောင်ဇံဝေ ခိုင်းပြန်ပြီ တစ်ခေါက်၊ သုံးခေါက်ရှိသွားပြီနော် (မှန်ပါ့)။

ဒါနဲ့ ရှင်ခေမကဆီ သွားပြန်တယ် . . . ဟာ. . . မင်း လာပြန်ပလားလို့ မေးတော့ လာပြန်ပြီလို့ လျှောက်တယ် (မှန်ပါ့ ဘုရား)။

အရှင်ဘုရားကို အမေးခိုင်းပြန်တယ်ဘုရား၊ အရှင်ဘုရားက ငါ,ငါ့ဉစ္စာတော့ စွဲလမ်းမှု မရှိဘူးလို့ ပြောလိုက်တဲ့အတွက် ငါ,ငါ့ဉစ္စာ မရှိရင် အရှင်ဘုရား ရဟန္တာ ဖြစ်ပလားလို့ အမေးခိုင်းပါတယ် . . . တဲ့ (မှန်ပါ့)။

ဘာဆိုင်သတုန်း ဦးမြရဲ့ အနာဂါမ် ရှိသေးတာပဲနော် (မှန်ပါ့) ရဟန္တာဖြစ်ပလားလို့ ကိုယ်တော်ကြီးတွေက အမေးခိုင်း လိုက်တာ တရားနာချင်လို့ အမေးခိုင်းလိုက်တာနော် . . . (မှန်ပါ့)။

ဘယ်လိုကြောင့် အမေးခိုင်းသတုန်း (တရားနာချင်လို့ပါ ဘုရား)။

တရားနာချင်လို့ သူ-ဘယ်လိုဟောမတုန်းဟ၊ ဒီ-ဟောသံ ကို ကြည့်ပြီးတော့ သူတို့ အားထုတ်မလို့ . . . (မှန်ပါ့)။

အဲဒီတော့ ဒီတရားပွဲမှာ ဒကာဒကာမတွေ ဒီကိုယ်တော်

ကြီးများကို ရှင်ခေမက,က ဆက်ဟောနေတာ ခန္ဓာကြည့်ဟောနေ တယ်လို့ ဆုံးဖြတ်ချက်ချလိုက်စမ်း . . . (မှန်ပါ့)။

ရဟန်းကြီးခြောက်ဆယ်ကလဲ သူပြောသ၍ ရှင်ခေမက ဖြေလွှတ်လိုက်တာတွေကို ခန္ဓာကြည့်ပြီး သူတို့ ရှုရင်းမတ္တနဲ့ နေကြ တာပဲလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အဟောသမားကတဲ့ ခန္ဓာကြည့်ပြီးဟောတယ်နော် (မှန်ပါ့) တရားနာသမားတွေကကော . . . (ခန္ဓာကြည့်ပြီး နာပါ တယ်ဘုရား) ခန္ဓာကြည့်ပြီး နာနေကြတယ်လို့ ဆုံးဖြတ်ချက်ချ ထားပါ . . . (မှန်ပါ့)။

ဒါနဲ့ပဲကွာတဲ့ ဒါသကဒီလိုမှတ်သွားကွာတဲ့၊ ငါ,ငါ့ဥစ္စာလဲ မယူပါဘူး၊ ရဟန္တာတော့ မဟုတ်သေးဘူး၊ မဟုတ်ပေမဲ့လဲ အခု ငါဖျားတဲ့အချိန်မှာတော့ဖြင့် ဒီခန္ဓာငါးပါးကို . . .

ပဉ္စသု ဥပါဒါနက္ခန္ဓေသု အသ္မိတိအဓိဂတံ၊

အယမဟာ မသ္မိတိ နစ သမနုပဿာမိ။

ဒါသကတဲ့ ငါစင်စစ်အမှန်ကို ပြောရလို့ရှိရင် ခန္ဓာငါးပါး တို့၌၊ အသ္မိတိ=ငါယောင်ယောင်ဟူ၍၊ အဓိဂတံ=ထင်နေပါသေး တယ်ကွာတဲ့၊ ခန္ဓာငါးပါးအပေါင်းတို့ကို ငါရယ်လို့ထင်နေသေးတယ် တဲ့၊ အယံ=ဤခန္ဓာငါးပါးသည်၊ အဟံအသ္မိတိ=ငါ တကယ်ဖြစ်၏ ဟူ၍ကား နစသမနုပဿာမိ=ရှုလဲမရှုပါဘူးတဲ့၊ ဒီလိုတော့ မယူတော့ ပါဘူးတဲ့၊ ငါတကယ်ဖြစ်တယ်လို့တော့ မယူပါဘူး. . ငါတကယ်

ဖြစ်လို့တော့ မယူပါဘူးတဲ့၊ ငါသယောင်ယောင်တော့ ထင်သေးတယ် ကွတဲ့ . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ငါတကယ်ဖြစ်လို့တော့ (မထင်ပါဘုရား) မယူတော့ဘူးနော် . . . (မှန်ပ့ါ) ငါယောင်ယောင်တော့ဖြင့် (ထင်ပါသေးတယ်ဘုရား) ခန္ဓာအပေါင်းကို (မှန်ပ့ါ) သဘောပါပလား . . . (ပါပါပြီဘုရား)။

ခန္ဓာငါးပါးကို ငါဖြစ်တယ်လို့တော့ ယူသေးသလား . . . (မယူပါဘုရား) ငါယောင်ယောင်တော့ (ထင်နေပါသေးတယ် ဘုရား) ခန္ဓာငါးပါး အပေါင်းကို ငါယောင်ယောင်တော့ ထင်နေ သေးတယ်ဆိုတဲ့ဥစ္စာ ဒီမှာ ဦးအောင်ဇံဝေတို့, ဦးမြတို့က အဖြေ ထွက်သွားပြီဗျနော် . . . (မှန်ပ့ါ)။

သူဟာ အနာဂါမ်သာ တည်ပါသေးတယ်၊ ရဟန္တာမဟုတ် သေးပါဘူး၊ မာနကျန်ပါတယ်, တဏှာကျန်ပါတယ် ပြောလိုက်တာ . . . (မှန်ပ့ါ)။

ဒကာဒကာမတို့ ဘာကျန်တာတုန်း (မာနနဲ့ တဏှာကျန် ပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌိသာပယ်သွားတာကိုးဗျ . . . (မှန်ပ့ါ) နောက်က ဒကာဒကာမတွေ ဘာသာပယ်သတုန်း . . . (ဒိဋ္ဌိသာ ပယ်ပါတယ်ဘုရား) မာနနဲ့ တဏှာက . . . (ကျန်ပါသေးတယ် ဘုရား)။

အဲ. . . ပပဥ္စတရားသုံးပါးမှာ ဘယ်နှစ်ပါးပယ်သတုန်း (တစ်ပါးပယ်ပါတယ်ဘုရား) ဦးမြ ဘယ်နှစ်ပါးပယ်သတုန်း (တစ်ပါး

ပယ်ပါတယ်ဘုရား) တစ်ပါးပဲနော်။ ဒိဋ္ဌိပပဥ္စကို ဘာတုန်း (ပယ်ပါတယ်ဘုရား) တဏှာနဲ့ မာန ပပဥ္စတော့ (ကျန်ပါသေးတယ်ဘုရား) မပယ်သေးဘူး။

## သောတာပတ္တိမဂ်ဆိုတာ

သို့သော် ဒီဒကာဒကာမတွေ ဘုန်းကြီးက ရှင်းပြောလိုတာက ဒိဋ္ဌိပပဥ္စတော့ အမြင်နဲ့တကွ ပယ်ပြီးပြီ သောတာပတ္တိမဂ်ကနော် (မှန်ပါ့) တဏှာပပဥ္စနဲ့ မာနပပဥ္စဟာလဲတဲ့ လေးပိုင်းတစ်ပိုင်းပယ်ပြီးလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်လိုမှတ်မယ် (လေးပိုင်းတစ်ပိုင်းပယ်ပြီးပါပြီဘုရား)။

လေးပိုင်းတစ်ပိုင်းပယ်ပြီးပြီလို့ မှတ်လိုက်တဲ့အခါကျတော့ ဩော် . . . လေးပိုင်းတစ်ပိုင်းဆိုတာ ဘာပါလိမ့်မတုန်းလို့ မသိဘဲနေမှာစိုးလို့ တဏှာနဲ့ မာနကို ၄ပုံ,ပုံပြီးတော့ အပါယ်ကျစေတတ်တဲ့ အပုံကို ပယ်ပြီးပြီလို့ မှတ်လိုက်. . . (မှန်ပါ့)။

ဦးမြ ဘယ်လိုမှတ်မယ် (အပါယ်ကျစေတတ်တဲ့ တစ်ပုံကို ပယ်ပြီးပါပြီဘုရား) ကျန်တဲ့သုံးပုံကျန်တယ် . . . (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒါဖြင့် ဒိဋ္ဌိတွင်ပယ်သလား၊ မာန,တဏှာပါပယ်သလား မေးလို့ရှိရင် ဒိဋ္ဌိကိုစင်းလုံးချော ပယ်လိုက်တယ်၊ မာန,

တဏှာကို လေးပိုင်းတစ်ပိုင်းပယ်လိုက်တယ် (မှန်ပ့ါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိကို (စင်းလုံးချောပယ်ပါတယ်ဘုရား) မာနနဲ့ တဏှာကို (လေးပိုင်းတစ်ပိုင်း ပယ်ပါတယ်ဘုရား) လေးပိုင်းတစ်ပိုင်း ပယ်လိုက်တယ်ဆိုတော့ လေးပိုင်းတစ်ပိုင်းဟာ ဘယ်သူတုန်း မေးလို့ရှိရင် ဦးအောင်ဇံဝေက ဘယ့်နှယ်ဖြေမတုန်း (အပါယ်ကျစေတတ်တဲ့ အပိုင်းပါဘုရား) အပါယ်ကျစေတတ်တဲ့အပိုင်းကို ပယ်ချလိုက်တယ် (မှန်ပ့ါ) ဒီပျော်မယ့်ပါးမယ့်အပိုင်းကို ချန်ထားလိုက်တယ်၊ အဲဒါတော့ မပယ်နိုင်သေးဘူးကွတဲ့ (မှန်ပ့ါ)။

ဒ့ါကြောင့် မနေ့က ပြောခဲ့တာနဲ့ ဦးမြ ကိုက်ကဲ့လား . . . (ကိုက်ပါတယ်ဘုရား) အပျော်ကို မပျော်ရဘူးလို့ ဟောတာလား၊ အပါယ်စိတ်ချရမှ ပျော်လို့ ခိုင်းတာလား (အပါယ်စိတ်ချရမှ ပျော်လို့ ခိုင်းတာပါဘုရား) ကဲ. . အခု ပါဠိတော်နဲ့ကော ရှင်းမနေ ဘူးလား . . . (ရှင်းနေပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်တဲ့ ပုဂ္ဂိုလ်ဟာ ပယ်ပြီးသားပါတဲ့၊ အပါယ်မကျစေတတ်တဲ့ တဏှာတွေတော့' ရှိတာပေ့ါတဲ့. . .၊ မာနတွေလဲ ရှိတာပေ့ါ၊ ကိစ္စမရှိဘူး၊ အဲဒီတော့ ဘယ်လိုပျော်ပျော်, ဘယ်လိုမာနထောင်ထောင် ဒါတွေဟာ အပါယ်ကျစေတတ်တဲ့ အကြောင်းမရှိဘူးဆိုတော့ ဦးအောင်ဇံဝေ မသေချာသေးဘူးလား (သေချာပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

**ကောင်းပြီ ဒါနဲ့ ဓါသုကပြန်သွားတယ်၊ သူဟာ ခန္ဓာငါးပါး**

ငါ့သယောင်ယောင်တော့ ထင်ပါသေးတယ်ကွာ၊ တစ်ကယ်ငါတော့ မယူပါဘူးဆိုတဲ့စကားကလေး ယူပြီးတော့ ဒါသက ရဟန်းကြီးတွေဆီ ပြန်သွားတယ်။

ပြန်သွားတော့ ရဟန်းကြီးတွေက ရှုကြတာပေါ့လေ၊ ဘယ့်နှယ်ပြောသတုန်းကွ၊ ခန္ဓာငါးပါး အပေါင်းကိုတော့ ငါသ ယောင်ယောင် ထင်သေးတယ်လို့တော့ ပြောပါတယ်ဘုရား၊ တကယ်ငါဖြစ်ပြီလို့တော့ သူမယူဘူးလို့ ပြောပါတယ်ဘုရားဆိုတော့ သူတို့လဲ ရှုကြ၊ ပွားကြပေါ့လေနော် (မှန်ပါ့)။

ရဟန်းကြီးတွေလဲ ခန္ဓာရှုနေကြတာပဲ၊ သို့သော်လဲ တရားနာချင်တဲ့စိတ်က ပြင်းပြနေတော့ ဦးအောင်ဇံဝေ အမေးခိုင်းပြန်တာပဲ . . . (မှန်ပါ့ဘုရား)။

ဒါသက လာဦးကွာ . . . မင်းပင်ပန်းတယ်လဲ မအောက်မေ့နဲ့ သွားမေးစမ်းပါဦး၊ ရုပ်တရားကို ငါယောင်ယောင် ထင်တာလား၊ ရုပ်မှတစ်ပါးကို ငါယောင်ယောင်ထင်တာလား၊ ဒါကိုသွားမေးပေးစမ်းပါ၊ ဝေဒနာကို ငါယောင်ယောင်ထင်တာလား၊ ဝေဒနာမှတစ်ပါးကို ငါယောင်ယောင်ထင်တာလားကွ၊ အကုန်စေ့အောင်မေးခိုင်းတာပေါ့ဗျာ၊ ခန္ဓာငါးပါးစလုံး (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဒါသက,က သွားရပြန်တယ်၊ ဟော့. . . မင်းဘာလို့လာပြန်သတုန်းကွတဲ့၊ ဒီလိုဒီလိုပဲဘုရာ့ အမေးခိုင်းပြန်တယ်၊ ရဟန်းကြီး ခြောက်ဆယ်က၊ ရုပ်တရားကို ငါယောင်ယောင်ထင်

တာလား . . . ရုပ်မှတစ်ပါးကို ငါယောင်ယောင်ထင်တာလား ဝေဒနာမှတစ်ပါး ကို ငါယောင်ယောင်ထင်တာလား၊ စိတ်ကို ငါယောင်ယောင်ထင်တာလား စိတ်မှတစ်ပါးကို (ငါယောင်ယောင် ထင်တာလားလို့ မေးပါတယ်ဘုရား)။

ကွာ . . . မင်းပြန်ရ . . သွားရနဲ့ တစ်နေ့ထဲ မင်းလေး ခေါက်ရှိတော့မယ်၊ ကဲကွာ ငါလိုက်ပါတော့မယ်ဆိုပြီး တောင်ဝှေး သာ ယူခဲ့ဟေ့ဆိုပြီးသကာလ သူ့တောင်ဝှေးအယူခိုင်းပြီး တောင်း ဝှေးထောက်ပြီးတော့ ရဟန်းကြီးခြောက်ဆယ်ရှိရာ ကောသမ္ဗီပြည် လိုက်လာတယ်၊ လိုက်လာတော့ ရဟန်းကြီးခြောက်ဆယ်နဲ့ ဦးမြ တွေ့ပြီနော် . . . (မှန်ပါ့) ဦးအောင်ဖေ တွေ့ကြတယ်နော် . . . (မှန်ပါ့ဘုရား)။

ရဟန်းကြီးခြောက်ဆယ်နဲ့ တွေ့ကြတဲ့အခါ ရဟန်းကြီး ခြောက်ဆယ်က တစ်ခါတည်း ဆီးပြီးမေးတာပဲ၊ အရှင်ဘုရား ဒါသက, ကို ပြောလိုက်တဲ့စကားထဲမှာ ရုပ်ကို ငါယောင်ယောင်ထင် တာလား၊ ရုပ်မှတစ်ပါးကို ငါယောင်ယောင်ထင်တာလားလို့ မေးတော့ တပည့်တော်ဘုရား လျှောက်ပါရစေတဲ့၊ အရှင်ဘုရား များကိုဆိုပြီး ဥပမာနဲ့ လျှောက်တယ် . . . (မှန်ပါ့ဘုရား)။

## ပဒုမ္မာကြာပွင့်ဥပမာ

အရှင်ဘုရား ပဒုမ္မာကြာပွင့် တစ်ခုယူခဲ့ပါဘုရားတဲ့၊ အဲဒီ ကြာပွင့်ကလေးကို အရှင်ဘုရားတို့မှတ်ထားပါတဲ့၊ ဒီကြာပွင့်ဟာ

နမ်းကြည့်လိုက်ရင် မွှေးပါတယ်၊ ဝတ်ဆံက မွှေးတာလား၊ အရွက်က မွှေးတာလား၊ အရိုးက မွှေးတာလားလို့ မေးလို့ရှိရင် အရှင်ဘုရားတို့ မှန်မှန်ကန်ကန် ဖြေမယ်ဆိုရင် တစ်ပွင့်လုံးက မွှေးတာလို့ ဖြေရမှာပဲတဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဝတ်ဆံချည့် မွှေးတာကော ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား) အချပ်ကလေးတွေ မွှေးတာကော (မဟုတ်ပါဘုရား) ဒါဖြင့် အရိုးကမွှေးတာကော (မဟုတ်ပါဘုရား) တစ်ပွင့်လုံးက ဘာတုန်း . . . (မွှေးတာပါဘုရား)။

အဲ . . . မှန်မှန်ဖြေရင် တစ်ပွင့်လုံးက မွှေးတယ် ဆိုသလိုပဲတဲ့ တပည့်တော်ဟာ ငါယောင်ယောင် ထင်တယ်ဆိုတာ ခန္ဓာငါးပါးအပေါင်းကို ငါယောင်ယောင်ထင်နေတာပါ၊ သဘောကျပလား (ကျပါပြီ) တစ်ခုစီ ငါထင်တာမဟုတ်ပါဘူးတဲ့ (မှန်ပါ့ဘုရား)။

ဘာတဲ့တုန်း . . . (တစ်ခုစီ ငါထင်တာမဟုတ်ပါဘုရား) ခန္ဓာငါးပါးအပေါင်းကို (ငါထင်တာပါဘုရား) ငါယောင်ယောင် ထင်တာနော် (မှန်ပါ့) တကယ်ငါစစ်ကော ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား)။

ငါယောင်ယောင်ထင်တာဆိုတော့ ဖြေပုံကလေးကော ဦးအောင်ဇံဝေ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) ဒါ ဝတ်ဆံ၏ အနံ့ဆိုကြမလား၊ အရိုး၏ အနံ့ဆိုကြမလား၊ အရွက်၏ အနံ့ဆိုကြမလားဆိုတော့ အမှန်အကန် ပြောမယ်ဆိုရင်ဖြင့် ကြာပွင့် တစ်ပွင့်လုံး၏ အနံ့လို့ ဆိုရမှာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ် ငါးပါးစလုံးကို ငါယောင်ယောင် ထင်တာပါတဲ့၊ တစ်ခုတစ်ခုစီကျတော့ သူမထင်ဘူးတဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အနာဂါမ်တည်ပြီးတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်လိုထင်လေ့ရှိပါလိမ့် . . . (အပေါင်းကို ငါယောင်ယောင်ထင်တာပါဘုရား) အပေါင်း ကိုတော့ ငါယောင်ယောင် ထင်ပါတယ်၊ ရှင်းကြပလား (ရှင်းပါပြီ ဘုရား) တစ်ခုစီကျတော့ . . . (မထင်ပါဘုရား) ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

ဩော် . . . ဒါဖြင့် အပေါင်းကိုတော့ ငါယောင်ယောင် ထင်တယ်၊ တစ်ခုတစ်ခုစီကျတော့ ငါမထင်တော့ပါဘူးဆိုတော့ ဒိဋ္ဌိက တစ်ခုတစ်ခုစီပေါ်မှာ အကုန်ပြုတ်ပြီးသားဗျ . . . (မှန်ပါ့) အပေါင်းပေါ်မှာ မာနကျန်တာ, တဏှာကျန်တာလို့ ဦးအောင်ဇံဝေ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သူကဆက်ပြီးတော့ ဟောပြန်တယ်၊ အရှင်ဘုရားတို့တဲ့ ယခုအပေါင်းအပေါ်မှာ ငါကျန်တယ်ဆိုတာ အရှင်ဘုရားတို့ ရိပ်မိပါပြီတဲ့၊ ရိပ်မိတော့ကို ဒီဥစ္စာလို ဒီအနံ့ဟာ အခုတဏှာနံ့ မာနနံ့တော့ ခန္ဓာငါးပါးမှာ ရှိမနေဘူးလား . . . (ရှိနေပါတယ်ဘုရား) ရှိနေတော့ ဒီလိုလုပ်ရတယ် ဘုရာ့တဲ့၊ ဒကာ ဒကာမတို့ လုပ်ပုံကိုဟောပြန်တယ် . . . (မှန်ပါ့ဘုရား)။

ဒီအနံ့ကြောင့် ဒီအနံ့ဆိုတာ တဏှာနံ့, တဏှာနဲ့ထင်နေတဲ့

အနုံ့၊ မာနနံ့ထင်နေတဲ့ ငါယောင်ယောင်အနံ့တွေပေါ့ဗျာ နော်. . . (မှန်ပါ့ဘုရား)။

ဘာပါလိမ့်. . . ငါယောင်ယောင်အနံ့တွေဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

အဲဒါ ဒီလိုလုပ်ပါဘုရားတဲ့၊ အရှင်ဘုရားတို့ ဒီခန္ဓာငါးပါးကို တစ်ခါတည်းဖြစ်ပျက်သာ ပြန်ရှုပါ၊ ဟောပြန်တယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဘာဟောသလဲ . . . (ဖြစ်ပျက်လို့ ပြန်ရှုရမယ်ဘုရား) အဲဒါပဲ ပြန်ရှုပါတဲ့၊ '-ဣတိရူပံ-ဣတိရူပဿ သမုဒယော - ဣတိ ရူပဿ အတ္ထင်္ဂမော" ဒါကလေးဟာ ဖြစ်တာပဲ ဒါကလေးဟာ ပျက်တာပဲ၊ ဣတိဝေဒနာ - ဣတိဝေဒနာယ သမုဒယော-ဣတိဝေဒနာယ အတ္ထင်္ဂမော ဒီလို အရှင်ဘုရားတို့ ရှုပါတဲ့ ရှုလိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ခုနင်က နဂို ကကပ်နေတဲ့ အနုသယ, သဘောနဲ့ကပ်နေတဲ့တဏှာ, မာနဟာ ဖြစ်ပျက်မြင် ဖြစ်ပျက်မှန်းလို့ရှိရင် . . . ဖြစ်ပျက် စတုတ္ထဆုံးသွားပြန်လို့ရှိရင် သူတို့ ငါယောင်ယောင် ထင်တာတွေ သွားရော ဘုရား-တဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

စတုတ္ထမဂ် ကျရင် . . . (ငါယောင်ယောင် ထင်တာတွေ သွားပါပြီဘုရား) ငါယောင်ယောင်ထင်တဲ့ မာနနဲ့ တဏှာ . . . (ကုန်ပါပြီဘုရား) ကုန်သွားပြီ။

အဲဒီတော့ကို တပည့်တော် ဥပမာကလေးနဲ့ အရှင်ဘုရားများကို လျှောက်ပါမယ် . . . တဲ့၊ လူတစ်ယောက်က ဘုရားတဲ့၊ အဝတ် နွမ်းတစ်ခုကို ဒိုဘီခဝါကို ပေးလိုက်ပါတယ်တဲ့၊ ဒိုဘီအလုပ်, လုပ် စားတဲ့လူ၊ ခဝါဖွပ်စားတဲ့လူ ပေးလိုက်ပါတယ်တဲ့။

ထိုကဲ့သို့ပေးလိုက်တဲ့အခါ သူတို့မြင်းချေးရေတွေ, ဆပ်ပြာရေတွေနဲ့တော့ သူတို့ဖွတ်ကြ, လျှော်ကြမှာပဲတဲ့၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဖြူတော့သွားမှာပဲ . . . တဲ့၊ ကိုယ်လိုချင်တဲ့ အဖြူရောက်အောင် ပေးလိုက်တော့ ဖြူတော့ ဖြူသွားမှာပဲ၊ ရောက်ပင်ရောက်ငြားသော်လဲ မြင်းချေးနံ့တို့က ခုနင်က ဆပ်ပြာနံ့တို့က တော့ပါလာလိမ့်မယ် . . . (မှန်ပါ့) အဝတ်ကတော့ ဖြူရဲ့၊ ဆပ်ပြာနံ့တော့ . . . (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ကို အိမ်မှာရှိတဲ့ အမွှေးအကြိုင်ထည့်တဲ့ သေတ္တာထဲ သူပေးတဲ့ ဒိုဘီက ဖြူအောင်ဖွပ်ထားတာကို ပြန်ပေးတဲ့ အခါ သေတ္တာထဲထည့်လိုက်တာပေါ့တဲ့၊ သေတ္တာထဲ ထည့်လိုက်တော့ အနံ့ ဘယ်နှယ်နေသတုန်း (ပျောက်ပါတယ်ဘုရား) မွှေးကြိုင် နေတဲ့ သေတ္တာထဲ ထည့်လိုက်တာကိုး၊ မပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

ဒီလိုပဲဘုရားတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နေတုန်းက ဒိုဘီပေးရတဲ့အဝတ်နဲ့ တူနေတယ်တဲ့ (မှန်ပါ့) ရိပ်မိ

ပလား . . . (ရိပ်မိပါပြီဘုရား) ဘာနဲ့တူနေသလဲ - (ဒိုဘီပေးရတဲ့ အဝတ်နဲ့တူပါတယ်ဘုရား)။

ဒိုဘီပေးရတဲ့အဝတ်နဲ့ တူနေတယ်တဲ့၊ ဖြူဖြူးသော်လည်း အနံ့ရှိသေးတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒိုဘီပေးထားတော့ ပေးထားတာပဲ. . . တဲ့၊ အောက်မင်္ဂတွေနဲ့ ဖွပ်လျှော်ထားတာပေါ့ဗျာ. . (မှန်ပါ့) သို့သော် အနံ့က ဘယ့်နှယ် နေသလဲ . . . (ရှိပါသေးတယ်ဘုရား)။

အောက်မင်္ဂ သုံးမင်္ဂနဲ့ ဖွပ်လျှော်ထားပါတယ်-တဲ့၊ သို့ သော် အနံ့ကရှိတယ်၊ ဒီအနံ့က မာနနံ့-တဏှာနံ့ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်လာပါပြီဘုရား)။

အဲဒါ အရဟတ္တမင်္ဂတည်းဟူသော ခုနင်က ဖြစ်ပျက်တွေ ပြန်အားထုတ်လို့ ဆုံးတဲ့ဆီဆိုတဲ့ အရှင်ဘုရားတို့ ဒီသေတ္တာထဲထည့် မှ ရမယ်တဲ့၊ ဒါမှ ဒီအနံ့တွေပျောက်မယ်တဲ့ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နောက်ဆုံးမင်္ဂကျမှ အနံ့ပျောက်မယ်လို့ ပြောလိုက် တာပဲ. . . (မှန်ပါ့)၊ ဒကာဒကာမတို့ ဘယ်လိုဟောပါလိမ့်. . . (နောက်ဆုံးမင်္ဂကျမှ အနံ့ပျောက်ပါမယ်ဘုရား)။

နောက်ဆုံး မင်္ဂကျမှ အနံ့တွေ အကုန်ပျောက်မယ်လို့ ဟောလိုက်တော့ နောက်ဆုံးမင်္ဂဟာ အမွှေးအကြိုင်ထည့်ထားတဲ့ သေတ္တာနဲ့တူတယ် (မှန်ပါ့ဘုရား)၊ အရင်သုံးမင်္ဂကတော့ ဖြူရုံတင် ဖွပ်ထားတဲ့ အဝတ်နဲ့တူတယ် (မှန်ပါ့ဘုရား)။

အရင် သုံးမဂ်ကတော့ (ဖြူရုံတင် ဖွပ်ထားတဲ့ အဝတ်နဲ့ တူပါတယ်)၊ ဖြူအောင်ဖွပ်ထားတဲ့ အဝတ်နဲ့တူပါတယ်၊ ချေးညှော် တော့မရှိဘူး၊ အနံ့မပျောက်ဘူး (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ချေးညှော်တော့ . . . (ပျောက်ပါတယ်)၊ အနံ့ကတော့ . . . (မပျောက်သေးပါ)၊ အနံ့က ကျန်နေတယ်တဲ့၊ ဒကာဒကာမ တို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အနံ့ရှိနေတဲ့ ပုဂ္ဂိုလ်ကော ကောင်းပါသလားလို့ မေးတဲ့အခါကျတော့ ဦးမြတို့ ဖြေကြစမ်းပါ (မကောင်းပါ)၊ မကောင်း ဘူး၊ အနံ့ရှိနေတော့ ဖြူပြီးသကာလ ဖြူသာဖြူတယ် ဟော့ . . . နံစော်လိုက်တာ ဆိုယင်ကော (မကောင်းပါဘုရား)။

မကောင်းသေးဘူးဆိုတော့ စတုတ္ထမြောက် သေတ္တာထဲ ထည့်သင့် မထည့်သင့် (ထည့်သင့်ပါတယ်)၊ ဘာဖြစ်လို့တုန်း (အနံ့ ပျောက်အောင်လို့ပါ)၊ ရှင်းပလား (ရှင်းပါ့ပြီဘုရား)။

## သောတာပန်၏အနံ့

အဲဒါ ထင်ရှားအောင် လုံလောက်အောင် ဒကာ့ဒကာမ တွေ ပြောပါမယ်၊ ရှင်အာနန္ဒာဟာ သောတာပန်တည်ပြီးသား နော် (မှန်ပါ့)၊ နောက် ခုနှစ်ရက်ရှိတဲ့အခါကျတော့ သင်္ဂါယနာတင်တော့ မယ်ဆိုတော့ ရှင်အာနန္ဒာဝင်သွားတော့ ဒို့အထဲကွာ ပြင်းထန်တဲ့ အနံ့ထွက်လာတဲ့ ပုဂ္ဂိုလ်တစ်ပါးပါနေတယ်ကွလို့ ပြောတယ် (မှန်ပါ့)

မပြောဘူးလား . . . (ပြောပါတယ်)၊ ဒါ ဘယ်သူ့ကို ပြောတာတုန်း (ရှင်အာနန္ဒာကို ပြောတာပါဘုရား)။

သောတာပန်ဆိုတော့ ခုနင်ကပြောခဲ့တဲ့ အနံ့ရှိတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒို့ထဲ ကိလေသာအနံ့ရှိတဲ့ ပုဂ္ဂိုလ်တစ်ပါး ပါနေတယ်ကွ ဆိုတော့ ရှင်အာနန္ဒာကို စောင်းပြောနေတာ၊ ဒီဖြင့် ပုဂ္ဂိုလ်တွေက တော့ ရဟန္တာချည်းပဲ၊ အနံ့မရှိဘူး၊ သံဃာငါးရာအစည်းအဝေးမှာ (မှန်ပါ့) သူတစ်ယောက်ပါနေတာနဲ့ ဟိုကကဲ့ရဲ့ကြတယ် (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

ဩော် . . . ဒါဖြင့် သောတာပန် သကဒါဂါမ် တည်ပြီးသား တောင် အနံ့ကျန်သေးတယ် . . . အဝတ်ဖြူငြားသော်လည်းနော် (မှန်ပါ့ဘုရား)၊ ခန္ဓာဖြူငြားသော်လည်း အနံ့က . . . (ကျန်နေပါ တယ်ဘုရား)။

## တန်ခိုးကြီးတဲ့နတ်လူ့ပြည်ဆင်းမလာပါ

ပုထုဇဉ်ဆိုလို့ရှိယင် ဒါကြောင့် လူနံ့ကို နတ်ပြည်က မခံနိုင်ဘူးတဲ့၊ တန်ခိုးကြီးတဲ့ နတ်ဟူသရွေ့ ဆင်းမလာဘူး၊ တစ်ယူ ဇနာကနံတယ် (မှန်ပါ့ဘုရား)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဘာတုန်းဆိုတော့ ဦးအောင်ဖဲဝေ . . . ရိပ်မိပလား (ရိပ်မိပါပြီ)၊ လောဘ ဒေါသ, မောဟ, ကိလေသာ အညစ်အကြေး ခတွေပေါ့ဗျာ (မှန်ပါ့)။

အဲဒီတော့ ခန္ဓာကိုယ် ငါးပါးစလုံးကို ငါယောင်ယောင် ထင်တာပါတဲ့၊ တစ်ခုတစ်ခုစီကျတော့ သူမထင်ဘူးတဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အနာဂါမ်တည်ပြီးတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်လိုထင်လေ့ရှိပါလိမ့် . . . (အပေါင်းကို ငါယောင်ယောင်ထင်တာပါဘုရား) အပေါင်း ကိုတော့ ငါယောင်ယောင် ထင်ပါတယ်၊ ရှင်းကြပလား (ရှင်းပါပြီ ဘုရား) တစ်ခုစီကျတော့ . . . (မထင်ပါဘုရား) ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

ဩော် . . . ဒါဖြင့် အပေါင်းကိုတော့ ငါယောင်ယောင် ထင်တယ်၊ တစ်ခုတစ်ခုစီကျတော့ ငါမထင်တော့ပါဘူးဆိုတော့ ဒိဋ္ဌိက တစ်ခုတစ်ခုစီပေါ်မှာ အကုန်ပြုတ်ပြီးသားဗျ . . . (မှန်ပါ့) အပေါင်းပေါ်မှာ မာနကျန်တာ, တဏှာကျန်တာလို့ ဦးအောင်ဇံဝေ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သူကဆက်ပြီးတော့ ဟောပြန်တယ်၊ အရှင်ဘုရားတို့တဲ့ ယခုအပေါင်းအပေါ်မှာ ငါကျန်တယ်ဆိုတာ အရှင်ဘုရားတို့ ရိပ်မိပါပြီတဲ့၊ ရိပ်မိတော့ကို ဒီဥစ္စာလို ဒီအနံ့ဟာ အခုတဏှာနဲ့ မာနနဲ့တော့ ခန္ဓာငါးပါးမှာ ရှိမနေဘူးလား . . . (ရှိနေပါတယ်ဘုရား) ရှိနေတော့ ဒီလိုလုပ်ရတယ် ဘုရာ့တဲ့၊ ဒကာဒကာမတို့ လုပ်ပုံကိုဟောပြန်တယ် . . . (မှန်ပါ့ဘုရား)။

ဒီအနံ့ကြောင့် ဒီအနံ့ဆိုတာ တဏှာနဲ့, တဏှာနဲ့ထင်နေတဲ့

အနုံ, မာနနဲ့ထင်နေတဲ့ ငါယောင်ယောင်အနုံတွေပေါ့ဗျာ နော်. . . (မှန်ပါ့ဘုရား)။

ဘာပါလိမ့်. . . ငါယောင်ယောင်အနုံတွေဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

အဲဒါ ဒီလိုလုပ်ပါဘုရားတဲ့၊ အရှင်ဘုရားတို့ ဒီခန္ဓာငါးပါးကို တစ်ခါတည်းဖြစ်ပျက်သာ ပြန်ရှုပါ၊ ဟောပြန်တယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ဘာဟောသလဲ . . . (ဖြစ်ပျက်လို့ ပြန်ရှုရမယ်ဘုရား) အဲဒါပဲ ပြန်ရှုပါတဲ့၊ '-ဣတိရူပံ-ဣတိရူပဿ သမုဒယော - ဣတိ ရူပဿ အတ္တင်္ဂမော" ဒါကလေးဟာ ဖြစ်တာပဲ ဒါကလေးဟာ ပျက်တာပဲ၊ ဣတိဝေဒနာ - ဣတိဝေဒနာယ သမုဒယော-ဣတိဝေဒနာယ အတ္တင်္ဂမော ဒီလို အရှင်ဘုရားတို့ ရှုပါတဲ့ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ခုနင်က နဂို ကကပ်နေတဲ့ အနုသယ, သဘောနဲ့ကပ်နေတဲ့တဏှာ, မာနဟာ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်းလို့ရှိရင် . . . ဖြစ်ပျက် စတုတ္ထဆုံးသွားပြန်လို့ရှိရင် သူတို့ ငါယောင်ယောင် ထင်တာတွေ သွားရော ဘုရား-တဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

စတုတ္ထမဂ် ကျရင် . . . (ငါယောင်ယောင် ထင်တာတွေ သွားပါပြီဘုရား) ငါယောင်ယောင်ထင်တဲ့ မာနနဲ့ တဏှာ . . . (ကုန်ပါပြီဘုရား) ကုန်သွားပြီ။

အဲဒီတော့ကို တပည့်တော် ဥပမာကလေးနဲ့ အရှင်ဘုရားများကို လျှောက်ပါမယ် . . . တဲ့၊ လူတစ်ယောက်က ဘုရားတဲ့၊ အဝတ် နွမ်းတစ်ခုကို ဒိုဘီခဝါကို ပေးလိုက်ပါတယ်တဲ့၊ ဒိုဘီအလုပ်, လုပ် စားတဲ့လူ၊ ခဝါဖွပ်စားတဲ့လူ ပေးလိုက်ပါတယ်တဲ့။

ထိုကဲ့သို့ပေးလိုက်တဲ့အခါ သူတို့မြင်းချေးရေတွေ, ဆပ်ပြာရေတွေနဲ့တော့ သူတို့ဖွတ်ကြ, လျှော်ကြမှာပဲတဲ့၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဖြူတော့သွားမှာပဲ . . . တဲ့၊ ကိုယ်လိုချင်တဲ့ အဖြူရောက်အောင် ပေးလိုက်တော့ ဖြူတော့ ဖြူသွားမှာပဲ၊ ရောက်ပင်ရောက်ငြားသော်လဲ မြင်းချေးနံ့တို့က ခုနင်က ဆပ်ပြာနံ့တို့က တော့ပါလာလိမ့်မယ် . . . (မှန်ပါ့) အဝတ်ကတော့ ဖြူရဲ့၊ ဆပ်ပြာနံ့တော့ . . . (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ကို အိမ်မှာရှိတဲ့ အမွှေးအကြိုင်ထည့်တဲ့ သေတ္တာထဲ သူပေးတဲ့ ဒိုဘီက ဖြူအောင်ဖွပ်ထားတာကို ပြန်ပေးတဲ့ အခါ သေတ္တာထဲထည့်လိုက်တာပေါ့တဲ့၊ သေတ္တာထဲ ထည့်လိုက်တော့ အနံ့ ဘယ်နှယ်နေသတုန်း (ပျောက်ပါတယ်ဘုရား) မွှေးကြိုင် နေတဲ့ သေတ္တာထဲ ထည့်လိုက်တာကိုး၊ မပျောက်ဘူးလား . . (ပျောက်ပါတယ်ဘုရား)။

ဒီလိုပဲဘုရားတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နေတုန်းက ဒိုဘီပေးရတဲ့အဝတ်နဲ့ တူနေတယ်တဲ့ (မှန်ပါ့) ရိပ်မိ

ပလား . . . (ရိပ်မိပါပြီဘုရား) ဘာနဲ့တူနေသလဲ - (ဒိုဘီပေးရတဲ့ အဝတ်နဲ့တူပါတယ်ဘုရား)။

ဒိုဘီပေးရတဲ့အဝတ်နဲ့ တူနေတယ်တဲ့၊ ဖြူငြားသော်လည်း အနံ့ရှိသေးတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒိုဘီပေးထားတော့ ပေးထားတာပဲ. . . တဲ့၊ အောက်မင်္ဂတွေနဲ့ ဖွပ်လျှော်ထားတာပေါ့ဗျာ. . (မှန်ပါ့) သို့သော် အနံ့က ဘယ့်နှယ် နေသလဲ . . . (ရှိပါသေးတယ်ဘုရား)။

အောက်မင်္ဂ သုံးမင်္ဂနဲ့ ဖွပ်လျှော်ထားပါတယ်-တဲ့၊ သို့ သော် အနံ့ကရှိတယ်၊ ဒီအနံ့က မာနနံ့-တဏှာနံ့ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်လာပါပြီဘုရား)။

အဲဒါ အရဟတ္တမင်္ဂတည်းဟူသော ခုနင်က ဖြစ်ပျက်တွေ့ ပြန်အားထုတ်လို့ ဆုံးတဲ့ဆီဆိုတဲ့ အရှင်ဘုရားတို့ ဒီသေတ္တာထဲထည့် မှ ရမယ်တဲ့၊ ဒါမှ ဒီအနံ့တွေပျောက်မယ်တဲ့ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နောက်ဆုံးမင်္ဂကျမှ အနံ့ပျောက်မယ်လို့ ပြောလိုက် တာပဲ. . . (မှန်ပါ့)၊ ဒကာဒကာမတို့ ဘယ်လိုဟောပါလိမ့်. . . (နောက်ဆုံးမင်္ဂကျမှ အနံ့ပျောက်ပါမယ်ဘုရား)။

နောက်ဆုံး မင်္ဂကျမှ အနံ့တွေ အကုန်ပျောက်မယ်လို့ ဟောလိုက်တော့ နောက်ဆုံးမင်္ဂဟာ အမွှေးအကြိုင်ထည့်ထားတဲ့ သေတ္တာနဲ့တူတယ် (မှန်ပါ့ဘုရား)၊ အရင်သုံးမင်္ဂကတော့ ဖြူရုံတင် ဖွပ်ထားတဲ့ အဝတ်နဲ့တူတယ် (မှန်ပါ့ဘုရား)။

အရင် သုံးမဂ်ကတော့ (ဖြူရုံတင် ဖွပ်ထားတဲ့ အဝတ်နဲ့ တူပါတယ်)၊ ဖြူအောင်ဖွပ်ထားတဲ့ အဝတ်နဲ့တူပါတယ်၊ ချေးညော် တော့မရှိဘူး၊ အနံ့မပျောက်ဘူး (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ချေးညော်တော့ . . . (ပျောက်ပါတယ်)၊ အနံ့ကတော့ . . . (မပျောက်သေးပါ)၊ အနံ့က ကျန်နေတယ်တဲ့၊ ဒကာဒကာမ တို့ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အနံ့ရှိနေတဲ့ ပုဂ္ဂိုလ်ကော ကောင်းပါသလားလို့ မေးတဲ့အခါကျတော့ ဦးမြတို့ ဖြေကြစမ်းပါ (မကောင်းပါ)၊ မကောင်း ဘူး၊ အနံ့ရှိနေတော့ ဖြူပြီးသကာလ ဖြူသာဖြူတယ် ဟော့ . . . နံစော်လိုက်တာ ဆိုယင်ကော (မကောင်းပါဘုရား)။

မကောင်းသေးဘူးဆိုတော့ စတုတ္ထမြောက် သေတ္တာထဲ ထည့်သင့် မထည့်သင့် (ထည့်သင့်ပါတယ်)၊ ဘာဖြစ်လို့တုန်း (အနံ့ ပျောက်အောင်လို့ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သောတာပန်၏အနံ့

အဲဒါ ထင်ရှားအောင် လုံလောက်အောင် ဒကာဒကာမ တွေ ပြောပါမယ်၊ ရှင်အာနန္ဒာဟာ သောတာပန်တည်ပြီးသား နော် (မှန်ပါ့)၊ နောက် ခုနှစ်ရက်ရှိတဲ့အခါကျတော့ သင်္ဂါယနာတင်တော့ မယ်ဆိုတော့ ရှင်အာနန္ဒာဝင်သွားတော့ ဒို့အထဲကွာ ပြင်းထန်တဲ့ အနံ့ထွက်လာတဲ့ ပုဂ္ဂိုလ်တစ်ပါးပါနေတယ်ကွလို့ ပြောတယ် (မှန်ပါ့)

မပြောဘူးလား . . . (ပြောပါတယ်)၊ ဒါ ဘယ်သူ့ကို ပြောတာတုန်း (ရှင်အာနန္ဒာကို ပြောတာပါဘုရား)။

သောတာပန်ဆိုတော့ ခုနင်ကပြောခဲ့တဲ့ အနံ့ရှိတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒို့ထဲ ကိလေသာအနံ့ရှိတဲ့ ပုဂ္ဂိုလ်တစ်ပါး ပါနေတယ်ကွ ဆိုတော့ ရှင်အာနန္ဒာကို စောင်းပြောနေတာ၊ ဒီဖြင့် ပုဂ္ဂိုလ်တွေက တော့ ရဟန္တာချည်းပဲ၊ အနံ့မရှိဘူး၊ သံဃာငါးရာအစည်းအဝေးမှာ (မှန်ပါ့) သူတစ်ယောက်ပါနေတာနဲ့ ဟိုကကဲ့ရဲ့ကြတယ် (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

သြော် . . . ဒါဖြင့် သောတာပန် သကဒါဂါမ် တည်ပြီးသား တောင် အနံ့ကျန်သေးတယ် . . . အဝတ်ဖြူငြားသော်လည်းနော် (မှန်ပါ့ဘုရား)၊ ခန္ဓာဖြူငြားသော်လည်း အနံ့က . . . (ကျန်နေပါ တယ်ဘုရား)။

## တန်ခိုးကြီးတဲ့နတ်လူ့ပြည်ဆင်းမလာပါ

ပုထုဇဉ်ဆိုလို့ရှိယင် ဒါကြောင့် လူနံ့ကို နတ်ပြည်က မခံနိုင်ဘူးတဲ့၊ တန်ခိုးကြီးတဲ့ နတ်ဟူသရွေ့ ဆင်းမလာဘူး၊ တစ်ယူ ဇနာကနံတယ် (မှန်ပါ့ဘုရား)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဘာတုန်းဆိုတော့ ဦးအောင်ဇံဝေ . . . ရိပ်မိပလား (ရိပ်မိပါပြီ)၊ လောဘ ဒေါသ, မောဟ, ကိလေသာ အညစ်အကြေး တွေပေါ့ဗျာ (မှန်ပါ့)။

ဒကာဒကာမတွေ ကောင်းသေးရဲ့လား ကိုင်း (မကောင်းပါ)၊ နတ်တွေကတောင် ဆင်းမလာနိုင်ဘူးတဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီအနံ့တွေ ကြောက်လွန်းလို့ တစ်ယူဇနာက နံပါတယ်ဆိုတာ ဆယ့်သုံးမိုင်ကနေပြီးနံတာ (မှန်ပါ့)။

ဦးမြက ဒီကနေတယ်၊ ဟိုမှာ အထက်က ဆယ့်သုံးမိုင်ကနေပြီးတော့ (နံပါတယ်)၊ ဒကာဒကာမတို့ သဘောပါပလား (ပါပါပြီဘုရား)၊ ကဲ. . . ဒါဖြင့် ရှင်အာနန္ဒာကို ပြောတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။ ဒါဖြင့် ရှင်ခေမက-က ဟောလိုက်တာက ဖြစ်ပျက်ပြန်အား ထုတ်ပြီးသကာလ အရဟတ္တမဂ်ဆိုတဲ့ စတုတ္ထသေတ္တာထဲထည့်မှ ဒီအနံ့ပျောက်မယ်တဲ့၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

စတုတ္ထမဂ်ရမှပေါ့လေ (မှန်ပါ့)၊ နို့မဟုတ်ရင်ဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်လောက်ဆိုယင် ဖြူသာဖြူ၍ အနံ့မပျောက် (မှန်ပါ့)။ ဘယ်လိုဆိုကြမယ် (ဖြူသာဖြူ၍ အနံ့မပျောက်ပါဘုရား)၊ ဖြူသာဖြူပါတယ်တဲ့ ဒကာဒကာမတို့ အနံ့မပျောက်ပါဘူးတဲ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## တရားနာရင်း ရှုရင်းနဲ့ ရဟန္တာဖြစ်ကြတယ်

ဒါဖြင့် အရှင်ဘုရားတို့ ဒီလို လုပ်ပါတော့ဆိုတော့ ရဟန်းကြီးခြောက်ဆယ်ကလဲ အလုပ်လုပ်ပါတယ်နော် (မှန်ပါ့) သူလဲ ခန္ဓာကြည့်ပြီး အလုပ်လုပ်တာပဲ၊ သူလဲအနာဂါမ် (မှန်ပါ့)၊ သူလဲခန္ဓာကြည့်

ပြီး ခုနင်က ဟောတဲ့အတိုင်းပဲ ပြန်လုပ်တာပဲ (မှန်ပါ့)။ ရဟန္တာဖြစ် ကြပြီ။

"ဣတိရူပံ ဣတိရူပဿ သမုဒယော" ဒါကလေးဟာ ဖြစ်ပျက်ပဲ၊ ရုပ်ဖြစ်ပျက်ပဲ၊ ရုပ်ဖြစ်ပျက်ပဲ၊ ဝေဒနာဖြင့် ဝေဒနာဖြစ်ပျက်ပဲလို့ သူလဲဟောရင်းနဲ့ ရဟန္တာဖြစ်တာပဲ၊ ဟိုပုဂ္ဂိုလ်တွေကလဲ နာရင်းရှုရင်းနဲ့ ရဟန္တာဖြစ်တာပဲ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါ ဘယ့်နှယ်ကြောင့်တုန်းလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် နာရုံကလေးနာလို့လား၊ ရှုလို့လား (ရှုလို့ပါဘုရား)၊ ဟိုကလဲ ဟောနေတာလား၊ ရှုလို့လား (ရှုလို့ပါဘုရား)။

အဲဒါ သံယုတ်ပါဠိတော်ကြီးမှာ ဦးအောင်ဖေတို့ ဦးမြတို့ သေသေချာချာလာတာပဲ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဟောတဲ့ပုဂ္ဂိုလ်လဲ ခန္ဓာကိုယ်ကြည့်ဟောပေါ့ဗျာ၊ (မှန်ပါ့)၊ နာတဲ့ပုဂ္ဂိုလ်ကလဲ (ခန္ဓာကိုယ်ကြည့်နာနေရပါမယ်) ခန္ဓာကိုယ် ကြည့်နာပါ၊ အလုပ်လုပ်ရင်း နာပါ နောက်ကိုနေ့ (မှန်ပါ့)။

နာတဲ့ပုဂ္ဂိုလ်ကလဲ အလုပ်လုပ်ရင်းနာ၍ ဟောတဲ့ပုဂ္ဂိုလ်ကလဲ အလုပ်လုပ်ရင်း ဟောကြမယ်ဆိုလို့ရှိရင်ဖြင့် နှစ်ဦးနှစ်ဝ ကျေးဇူးရှိတယ်ဆိုတဲ့ စကားဟာ သေချာသွားပြီ (သေချာပါတယ်)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကဲ ... ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု။

ဒကာဒကာမတွေ ကောင်းသေးရဲ့လား ကိုင်း (မကောင်းပါ)၊ နတ်တွေကတောင် ဆင်းမလာနိုင်ဘူးတဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီအနံ့တွေ ကြောက်လွန်းလို့ တစ်ယူဇနာက နံပါတယ်ဆိုတာ ဆယ့်သုံးမိုင်ကနေပြီးနံတာ (မှန်ပါ)။

ဦးမြက ဒီကနေတယ်၊ ဟိုမှာ အထက်က ဆယ့်သုံးမိုင်ကနေပြီးတော့ (နံပါတယ်)၊ ဒကာဒကာမတို့ သဘောပါပလား (ပါပါပြီဘုရား)၊ ကဲ. . . ဒါဖြင့် ရှင်အာနန္ဒာကို ပြောတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။ ဒါဖြင့် ရှင်ခေမက-က ဟောလိုက်တာက ဖြစ်ပျက်ပြန်အား ထုတ်ပြီးသကာလ အရဟတ္တမဂ်ဆိုတဲ့ စတုတ္ထသေတ္တာထဲထည့်မှ ဒီအနံ့ပျောက်မယ်တဲ့၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

စတုတ္ထမဂ်ရမှပေါ့လေ (မှန်ပါ)၊ နို့မဟုတ်ရင်ဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်လောက်ဆိုယင် ဖြူသာဖြူ၍ အနံ့မပျောက် (မှန်ပါ)။ ဘယ်လိုဆိုကြမယ် (ဖြူသာဖြူ၍ အနံ့မပျောက်ပါဘုရား)၊ ဖြူသာဖြူပါတယ်တဲ့ ဒကာဒကာမတို့ အနံ့မပျောက်ပါဘူးတဲ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## တရားနာရင်း ရှုရင်းနဲ့ ရဟန္တာဖြစ်ကြတယ်

ဒါဖြင့် အရှင်ဘုရားတို့ ဒီလို လုပ်ပါတော့ဆိုတော့ ရဟန်းကြီးခြောက်ဆယ်ကလဲ အလုပ်လုပ်ပါတယ်နော် (မှန်ပါ) သူလဲ ခန္ဓာကြည့်ပြီး အလုပ်လုပ်တာပဲ၊ သူလဲအနာဂါမ် (မှန်ပါ)၊ သူလဲခန္ဓာကြည့်

ပြီး ခုနင်က ဟောတဲ့အတိုင်းပဲ ပြန်လုပ်တာပဲ (မှန်ပ့ါ)။ ရဟန္တာဖြစ်ကြပြီ။

"ဣတိရူပံ ဣတိရူပဿ သမုဒယော" ဒါကလေးဟာ ဖြစ်ပျက်ပဲ၊ ရုပ်ဖြစ်ပျက်ပဲ၊ ရုပ်ဖြစ်ပျက်ပဲ၊ ဝေဒနာဖြင့် ဝေဒနာဖြစ်ပျက်ပဲလို့ သူလဲဟောရင်းနဲ့ ရဟန္တာဖြစ်တာပဲ၊ ဟိုပုဂ္ဂိုလ်တွေကလဲ နာရင်းရှုရင်းနဲ့ ရဟန္တာဖြစ်တာပဲ (မှန်ပ့ါ)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါ ဘယ့်နှယ်ကြောင့်တုန်းလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် နာရုံကလေးနာလို့လား၊ ရှုလို့လား (ရှုလို့ပါဘုရား)၊ ဟိုကလဲ ဟောနေတာလား၊ ရှုလို့လား (ရှုလို့ပါဘုရား)။

အဲဒါ သံယုတ်ပါဠိတော်ကြီးမှာ ဦးအောင်ဇံဝေတို့ ဦးမြတို့ သေသေချာချာလာတာပဲ (မှန်ပ့ါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဟောတဲ့ပုဂ္ဂိုလ်လဲ ခန္ဓာကိုယ်ကြည့်ဟောပေ့ါဗျာ၊ (မှန်ပ့ါ)၊ နာတဲ့ပုဂ္ဂိုလ်ကလဲ (ခန္ဓာကိုယ်ကြည့်နာနေရပါမယ်) ခန္ဓာကိုယ် ကြည့်နာပါ၊ အလုပ်လုပ်ရင်း နာပါ နောက်ကိုနော် (မှန်ပ့ါ)။

နာတဲ့ပုဂ္ဂိုလ်ကလဲ အလုပ်လုပ်ရင်းနာ၍ ဟောတဲ့ပုဂ္ဂိုလ်ကလဲ အလုပ်လုပ်ရင်း ဟောကြမယ်ဆိုလို့ရှိရင်ဖြင့် နှစ်ဦးနှစ်ဝ ကျေးဇူးရှိတယ်ဆိုတဲ့ စကားဟာ သေချာသွားပြီ (သေချာပါတယ်)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။